ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်း တောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၅ ရက်၊ သောကြာနေ့။ Friday 14 September 2018 ၉၄၀၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ကျန်ဒိုင်ကွမ်နှင့် တွေ့ဆုံ

**ဟနွိုင်း စက်တင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ကျန်ဒိုင်ကွမ်နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြသည်။

**နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး ဆွေးနွေး**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံမြို့များအကြား ညီအစ်မမြို့တော်များ တိုးချဲ့တည်ထောင်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ထိတွေ့ဆက်ဆံရေးနှင့် ခရီးသွားလာမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဗီယက်နမ်နိုင်ငံမှ ဆက်လက်ထောက်ခံအားပေးသွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သံအမတ်ကြီး ဦးကျော်စိုးဝင်းတို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ကျန်ဒိုင်ကွမ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

## ယနေ့သတင်းအညွှန်း

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ - ၆

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်များ၏ စွမ်းရည်သရုပ်ပြသပွဲတက်ရောက်

စာမျက်နှာ - ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား တွေ့ဆုံအားပေး

စာမျက်နှာ - ၉

မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ - ၁၁

သရုပ်ဆောင် အောင်ရဲထွေး သေဆုံးခဲ့ရသည့်အမှုကိစ္စ ရပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်

စာမျက်နှာ - ၁၄

ဦးဘဂျမ်းချည်ချောလုံချည်
UBG
၁၀၀% ချည်သားစစ်စစ်ဖြင့်အထူးယက်လုပ်ထားပါသည်။
ကျောင်း၊ ရုံး၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် တူညီပုဆိုးများအထူးအော်ဒါလက်ခံပါသည်။
မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချပေးနေပါပြီ...။
(ပင်ရင်း) မင်္ဂလာဈေး၊သိမ်ကြီးဈေး၊ ရန်ကုန်မြို့ ။၀၁ - ၂၅၅၀၃၀၊ ၀၁ - ၉၀၀၀၈၇၅၊ ၀၁ - ၈၆၁၉၄၇၅၊ ၀၉ - ၅၁၃၆၉၀၀။

# ကြေးမုံ

## စိန်ခေါ်မှုကိုနည်းပညာသစ်ဖြင့်ကျော်လွှား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ စက်တင်ဘာလ ၁၂ ရက်နေ့ကကျင်းပသည့် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့်မျက်နှာစုံညီအစည်းအဝေးသို့တက်ရောက်ပြီး ၎င်းဆွေးနွေးပွဲဖိုရမ်မှ စတုတ္ထစက်မှုတော်လှန်ရေးအသွင်ကူးပြောင်းမှုကာလသည် စီးပွားရေးအရပိုမိုအကျိုးအမြတ်ဖြစ်ထွန်းစေရေးထက် ပိုမိုကောင်းမွန်သောကမ္ဘာကြီးဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုဆွေးနွေးနိုင်မည့် အခွင့်အရေးရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ၁၇၆၀ ပြည့်နှစ်နောက်ပိုင်း ရေနွေးငွေ့စက်များသုံးစွဲသည့် ပထမစက်မှုတော်လှန်ရေးကာလ၊ ၁၈၇၀ ပြည့်နှစ်နောက်ပိုင်း လျှပ်စစ်သုံးစွဲသည့် ဒုတိယစက်မှုတော်လှန်ရေးကာလ၊ ကွန်ပျူတာများသုံးစွဲလာသည့် ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတတိယစက်မှုတော်လှန်ရေးကာလဟု ကမ္ဘာကြီး၏တိုးတက်သော အသွင်သဏ္ဌာန်ပြောင်းလဲမှုကို စက်မှုတော်လှန်ရေးကာလများအဖြစ် သတ်မှတ်ခဲ့ကြသည်။ ယခုအခါ အင်တာနက်သည် တစ်ကမ္ဘာလုံးတွင် အလျင်အမြန် ပြောင်းလဲတိုးတက်လာရာ နည်းပညာကွန်ရက်များ ကျယ်ပြန့်စွာချိတ်ဆက်လာနိုင်သည့် ၂၀၀၅ ခုနှစ် နောက်ပိုင်းကာလကို စတုတ္ထစက်မှုတော်လှန်ရေးကာလဟု သတ်မှတ်ခဲ့ကြသည်။

(၂၇)ကြိမ်မြောက် အာဆီယံဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်းစတုတ္ထစက်မှုတော်လှန်ရေးကာလ၌ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ စတုတ္ထစက်မှုတော်လှန်ရေးအသွင်ကူးပြောင်းမှုကာလတွင် တီထွင်နိုင်စွမ်းရှိမှု၊ မျှဝေခံစားမှု၊ ခေါင်းဆောင်မှုတို့ကိုအခြေခံရမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

စတုတ္ထစက်မှုတော်လှန်ရေးသို့ ချဉ်းကပ်ကြိုးပမ်းကြရာတွင် နည်းပညာပိုင်းဆိုင်ရာဖြစ်၍ လူငယ်များနှင့်အဓိကသက်ဆိုင်သည်ဟုဆိုခဲ့သော်လည်း ယခုအခါနည်းပညာသည် လူသားများအားလုံးနှင့်သက်ဆိုင်နေပြီး အကျိုးသက်ရောက်မှုရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ တိုးတက်သော နိုင်ငံများတွင် လူသားများအားလုံးမှာ နည်းပညာဖြင့် မိမိလူမျိုး၊ မိမိနိုင်ငံကို တိုးတက်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နည်းပညာကို မျှဝေခံစားမှုအပိုင်းတွင် အဓိကအသုံးပြုလာကြကာ ခေါင်းဆောင်မှုအပိုင်းတွင် အထိုက်အလျောက် တိုးတက်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၌ နည်းပညာဖြစ်ထွန်းတိုးတက်လာမှုမှာ ရာခိုင်နှုန်းကျော်လွန်အောင် တိုးတက်ပြောင်းလဲလာခဲ့ပြီး နိုင်ငံတိုးတက်ရေးတွင် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောကြောင့် ပြည်သူများအား နည်းပညာသစ်များကို သင်ကြားပေးရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် လူငယ်လူရွယ်များမှာ တီထွင်မှုစွမ်းအားများရှိပြီးဖြစ်၍ နည်းပညာသစ်ကို အသုံးချကာ တီထွင်ဆန်းသစ်မှုများကို ဖန်တီးကြရမည်ဖြစ်သည်။ တီထွင်မှုများအား လက်တွေ့ဆောင်ရွက်မှုစွမ်းရည်နှင့် ချိတ်ဆက်ပြီး တီထွင်မှု၊ စွမ်းဆောင်မှု၊ ဈေးကွက်ယှဉ်ပြိုင်မှုတို့တွင် ချဉ်းကပ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တိုးတက်နေသော အာဆီယံဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ စွန့်ဦးတီထွင်မှုနှင့်ပတ်သက်၍ ကူးသန်းရောင်းဝယ်မှု၊ စက်မှု၊ ကုန်သွယ်မှုတို့သာမက ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပျိုးထောင်ပေးကြရမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းပြောကြားထားသည်။

သို့ဖြစ်ရာ (၂၇) ကြိမ်မြောက် အာဆီယံဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုးတက်လာသော နည်းပညာပိုင်းဆိုင်ရာတို့နှင့်ပတ်သက်၍ အသိပေးပြောကြားချက်များနှင့်အညီ မြန်မာနိုင်ငံရှိ လူငယ် လူရွယ်များသာမက လူလတ်၊ လူကြီးများအားလုံး နည်းပညာကို အသုံးချကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အာဆီယံဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်သည် ၁၁-၉-၂၀၁၈ ရက်မှ ၁၃-၉- ၂၀၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့ ၌ ပြုလုပ်ခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီးနောက်၊ ၁၃-၉-၂၀၁၈ ရက် (ကြာသပတေးနေ့)၊ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

၂။ ၁၂-၉-၂၀၁၈ ရက်၊ နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် National Convention Center၊ Plenary Hall ၌ ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားနှင့် ASEAN priorities in the age of the Fourth Industrial Revolution တို့သို့ ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် (Mr. Nguyen Phu Trong)၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုံ၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများ၊ စီးပွားရေး ထိပ်တန်းအရာရှိကြီးများ၊ လုပ်ငန်းရှင်များနှင့်အတူ တက်ရောက်ခဲ့သည်။

၃။ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့စီးပွားရေးဖိုရမ် တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Klaus Schwab မှ အဖွင့်အမှာစကားပြောကြားပြီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres မှ ပေးပို့သောသဝဏ်လွှာအား လက်ထောက်အတွင်းရေးမှူးချုပ် Mr. Fabrizio Hochschild ကဖတ်ကြားသည်။ ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc၊ အာဆီယံလက်ရှိဥက္ကဋ္ဌ စင်ကာပူဝန်ကြီးချုပ် H.E. Mr. Lee Hsien Loong၊ အထူးဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Hu Chunhua တို့မှ အသီးသီးအဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အင်ဒိုနီးရှားသမ္မတ Mr. Joko Widodo၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် Mr. Samdech Techo Hun Sen၊ လာအိုဝန်ကြီးချုပ် H.E. Mr. Thongloun Sisoulith၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းဒုတိယဝန်ကြီးချုပ် Mr. Prajin Juntong တို့က စတုတ္ထစက်မှုတော်လှန်ရေးအသွင်ကူးပြောင်းမှုကာလတွင် အာဆီယံ၏ ဦးစားပေးလုပ်ငန်းများနှင့်ပတ်သက်၍ မိန့်ခွန်းများ အသီးသီးပြောကြားခဲ့သည်။

၄။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် National Convention Center ၌ ကမ္ဘာ့စီးပွားရေးဖိုရမ် တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Klaus Schwab မှ တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲပိုင်းတွင် ဒေဝူးဟိုတယ်၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Taro Kono အား လက်ခံတွေ့ဆုံ၍ မြန်မာ-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ဂျပန်-မဲခေါင်ထိပ်သီးအစည်းအဝေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဂျပန်အစိုးရမှ အပြုသဘောဆောင်သည့် ကူညီထောက်ပံ့မှုများဆက်လက်ပေးအပ်ရေး၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးစသည့်ကိစ္စများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

၅။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲပိုင်းတွင် National Convention Center ၌ ကျင်းပပြုလုပ်ခဲ့သည့် မဲခေါင်ဒေသအတွက် အမြင်သစ် "A New Vision for Mekong Region" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲအစီအစဉ်သို့ အခြားမဲခေါင်အဖွဲ့ဝင် (၄) နိုင်ငံမှ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အမြင်သစ်များခေါင်းစဉ်အောက်တွင် သဘောထားများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

၆။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဝန်ကြီးချုပ်နှင့်ဇနီးမှ National Convention Center ၏ Banquet Hall ၌ တည်ခင်းဧည့်ခံကျင်းပသည့် ညစာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေရေးအစီအစဉ်သို့ တက်ရောက်ခဲ့သည်။

၇။ ၁၃-၉-၂၀၁၈ ရက်၊ နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် National Convention Center၊ Plenary Hall ၌ "A Conversation with Daw Aung San Suu Kyi, State Counsellor of Myanmar" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ Mr. Borge Brende မှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေး၊ ရခိုင်ပြည်နယ်အခြေအနေ၊ မြန်မာနိုင်ငံ၌ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစသည့် ကဏ္ဍများနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ချက်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် National Convention Center (NCC) ရှိ ဖိုရမ်ဥက္ကဋ္ဌရုံးခန်း၌ ကမ္ဘာ့စီးပွားရေးဖိုရမ် တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Klaus Schwab နှင့် တွေ့ဆုံခဲ့ပါသည်။

၈။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်သမ္မတ H.E. Tran Dai Quan အား နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာ၌ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ညီအစ်မမြို့တော်များ တိုးချဲ့တည်ထောင်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်မှုနှင့် ချစ်ကြည်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ဗီယက်နမ်နိုင်ငံမှ ထောက်ခံအားပေးမှု၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှု ပိုမိုပြုလုပ်ရေးစသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

၉။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၃-၉-၂၀၁၈ ရက်၊ မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့မှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ **နိုင်ငံခြားရေးဝန်ကြီးဌာန**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၃**

ရန်ကုန်(ရွှေဈေး) ၉၉၅၅၀၀ - ၉၉၅၅၀၀ မန္တလေး(ရွှေဈေး) ၉၉၅၅၀၀ - ၉၉၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၈၅/၁၀၂၀ ကျပ်၊ | ၁၀၆၀/၁၀၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၀၅/၁၀၃၅ ကျပ်၊ | ၁၁၁၀/၁၁၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၅၅/၉၉၀ ကျပ်၊ | ၁၀၅၅/၁၀၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၉၅/၁၀၃၀ ကျပ်၊ | ၁၀၇၀/၁၀၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၁၀ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၉၆၅/၉၇၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၉၉.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၄၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၃၀၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃.၁၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၃၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၉.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇.၉၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၉.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၇.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် “A Conversation With Daw Aung San Suu Kyi, State Counsellor of Myanmar” ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် “A Conversation With Daw Aung San Suu Kyi , State Counsellor of Myanmar” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။**

**နေပြည်တော် စက်တင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဟန်္နိုင်းမြို့ရှိ National Convention Center ၌ “A Conversation With Daw Aung San Suu Kyi, State Counsellor of Myanmar” ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခ Klaus Schwab အား ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် National Convention Center ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ မြန်မာနိုင်ငံအတွက် အထောက်အကူပြုဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် မြန်မာနိုင်ငံ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများအပေါ် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဦးကျော်တင်နှင့် ဒုတိယဝန်ကြီး ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း National Convention Center ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ NoiBai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Chu Ngoc Anh၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဇနီး၊ စစ်သံမှူး (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် အောင်ဇေယျနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ဟန်္နိုင်းမြို့ NoiBai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆို**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံး ပထမအတွင်းဝန်တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။**

# နိုင်ငံတကာပြိုင်ပွဲကြောင့် ဖူဆယ်လိဂ်ပြိုင်ပွဲကို ပွဲစဉ် ၆ အပြီး ခေတ္တရပ်နား

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဘရူဝါရီလီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသောကြောင့် ပွဲစဉ် ၆ အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး နိုဝင်ဘာလ တတိယပတ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ စက်တင်ဘာ ၁၂ ရက်က ကျင်းပသည့် ပွဲစဉ် ၆ တွင် MIC အသင်းနှင့် VUC အသင်းတို့ ခြောက်ပွဲဆက်အနိုင်ရပြီး ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်နေသည်။

ပွဲစဉ် ၆ အပြီးတွင် VUC အသင်းနှင့် MIC အသင်းတို့ ၁၈ မှတ်စီရထားပြီး UPT အသင်းက ၁၂ မှတ်၊ ရွှေမြဝတီအသင်းက ၁၁ မှတ်၊ မြို့မအသင်းနှင့် Comrade အသင်းက ကိုးမှတ်စီ၊ လက်ရှိချန်ပီယံ PU အသင်းက ခုနစ်မှတ်၊ GV Athletic အသင်းနှင့် AMM အသင်းက ခြောက်မှတ်စီ၊ Titans XII အသင်းက လေးမှတ်၊ MFF ယူ-၁၉ အသင်းနှင့် White Colour အသင်းက သုံးမှတ်စီရထားသည်။ ပွဲစဉ် ၆ တွင် VUC အသင်းက UPT အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ MIC အသင်းက White Colour အသင်းကို ၁၂ ဂိုး-နှစ်ဂိုး၊ မြို့မအသင်းက လက်ရှိချန်ပီယံ PU အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Comrade အသင်းက MFF ယူ-၁၉ အသင်းကို လေးဂိုး-သုံးဂိုး၊ AMM အသင်းက GV Athletic အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ရွှေမြဝတီအသင်းနှင့် Titans XII အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

**ရှိုင်းထက်ဇော်**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ တရုတ်-ဗီယက်နမ် ရှိယီကွမ်နယ်စပ်ဂိတ်ကို သွားရောက်လေ့လာကြစဉ်။

☆ ဒုတိယသမ္မတ ဦးမြင့်ဆွေမှ
မြန်မာနိုင်ငံမှ ကုန်သည်အသင်းများ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကြမည်ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် Digital Economy/ e-Commerce ကဏ္ဍ၊ ကျောက်မျက်ရတနာကဏ္ဍ၊ ပဲနှမ်းကဏ္ဍ၊ ကော်ဖီနှင့် လက်ဖက်ကဏ္ဍ၊ သစ်သီးဝလံကဏ္ဍများကို မြန်မာကုန်သည်လုပ်ငန်းရှင်များက တင်ပြဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံက ကြိုက်နှစ်သက်ပြီး ဝယ်လိုအားရှိသော သဘာဝအတိုင်း စိုက်ပျိုးထုတ်လုပ်သည့် သစ်သီးဝလံနှင့် စိုက်ပျိုးရေးထွက်ကုန်များစွာကို စိုက်ပျိုးထုတ်လုပ် တင်ပို့လျက်ရှိပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် တရုတ်ကုန်သည်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးတိုင်ပင်ကြမည်ဖြစ်သည့်အတွက် မြန်မာ-တရုတ် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

**ဝမ်းမြောက်ဂုဏ်ယူ**

ထို့ပြင် မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံက နည်းပညာဆိုင်ရာနှင့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အသက်မွေးမှုအတတ်ပညာ သင်တန်းကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက လက်မှတ်ရေးထိုးကြမည်ဖြစ်သည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၏ ခြေလှမ်းသစ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တရုတ်-အာဆီယံဆက်ဆံရေး (၁၅)နှစ်မြောက် အချိန်နှင့်လည်း တိုက်ဆိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကီလိုမီတာ ၂၀၀၀ ကျော် နယ်စပ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ဆက်ဆံမှုများရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို တည်ထောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ စာရင်းဇယားများအရ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၀ ဘီလီယံနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၈ ဘီလီယံ အသီးသီးရှိခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း ထိပ်ဆုံးမှ ဦးဆောင်ပါဝင်လျက်ရှိပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီများဥပဒေ

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ တရုတ်-ဗီယက်နမ်နယ်စပ်ရှိ Fruit City သို့ သွားရောက်လေ့လာကြစဉ်။

အသစ်ကိုလည်း ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည် ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေး စဉ်ဆက်မပြတ်တိုးတက်စေရန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများအပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံခေါင်းဆောင်များ၏လမ်းညွှန်မှုအရ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Xi Jin Ping ၏ Belt and Road Initiative နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ပေါ်တွင်အခြေခံသည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ (Myanmar-China Economic Corridor)၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ရလဒ်ကောင်းများရရှိ**

ယခုလို ဆွေးနွေးပွဲကျင်းပခြင်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သည်လုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရေးပါသည့်အစည်းအဝေးတစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အထူးပြောလိုသည်မှာ မိမိတို့နှစ်နိုင်ငံကုန်သည်လုပ်ငန်းရှင်များသည် ယနေ့ကျင်းပသည့် ဆွေးနွေးပွဲမှတစ်ဆင့် အချင်းချင်းရင်းနှီးခင်မင်မှုများကို တည်ဆောက်ကြရန်၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် ဝိုင်းဝန်းအဖြေရှာနိုင်အောင် ကြိုးစားကြရန်နှင့် နှစ်ဖက်ဈေးကွက်လိုအပ်ချက်များနှင့် သတင်းအချက်အလက်များကို အပြန်အလှန်ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့်လည်း အားပေးကူညီပေးမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးများကို နှစ်ဖက်အပြန်အလှန်အကျိုးရှိစွာ ဆောင်ရွက်နိုင်မည့် ရလဒ်ကောင်းများ ရရှိနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အမြဲတမ်းကော်မတီဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး Mr. Huang Shi Yong က အမှာစကားပြောကြားသည်။

ယင်းနောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပရေးဗဟိုကော်မတီ ပူးတွဲဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ (၈)ကြိမ်နှင့်အထက် ပါဝင်တက်ရောက်ခဲ့သော မြန်မာကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ရာ မြန်မာကုမ္ပဏီများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြရာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် တရုတ်နိုင်ငံ Guangdong Institute of Diamond, Jade and Jewellery တို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကို လည်းကောင်း၊ မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းရှင်များအသင်းနှင့် တရုတ်နိုင်ငံ Guangxi Economic and Trade Vocational Institute တို့အကြား အသက်မွေးဝမ်းကျောင်း အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကိုလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ပို့ကုန်မြှင့်တင်ရန်ရည်ရွယ်**

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ သဘာဝအခြေပြု ထုတ်ကုန်များ တရုတ်ဈေးကွက်သို့ မိတ်ဆက်ပေးရန်နှင့် ပို့ကုန်မြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အမြဲတမ်းကော်မတီဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး Mr. Huang Shi Yong၊ တရုတ်-အာဆီယံကုန်စည်ပြပွဲအတွင်းရေးမှူးရုံးမှ အတွင်းရေးမှူးချုပ် Mr. Wang Lei၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mrs. Li Xiaoyan နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နန်နင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံမှ ဌာနဆိုင်ရာအရာရှိကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့သည် ချုံးကျိုမြို့သို့ ရောက်ရှိကြပြီး ချုံးကျိုမြို့ ကွန်မြူနစ်ပါတီကော်မတီ အတွင်းရေးမှူး၊ ချုံးကျိုမြို့ ပြည်သူ့ကွန်ဂရက်ကော်မတီ ဥက္ကဋ္ဌ Mr. Liu Youmin က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့သည် တရုတ်-ဗီယက်နမ် ရှိယီကွမ် နယ်စပ်ဂိတ်၊ Pin Xiang Integrated Free zone နှင့် တရုတ်-ဗီယက်နမ်နယ်စပ်ရှိ Fruit City တို့သို့ သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့သည် နန်နင်းမြို့ လိယွမ်အစိုးရ ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

○ ကျောဖုံးမှ

လူကုန်ကူးမှုပုံစံများအနေဖြင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု ၅၄ ရာခိုင်နှုန်း၊ အဓမ္မခိုင်းစေမှု ၃၈ ရာခိုင်နှုန်း၊ အခြားပုံစံ ရှစ်ရာခိုင်နှုန်း ပါဝင်သည်ကိုဖော်ပြထားပါကြောင်း။

**အစီရင်ခံစာတွင် ဖော်ပြ**

ကိုယ်အင်္ဂါ ထုတ်ယူရောင်းစားသည့် လူကုန်ကူးမှုသည် ကမ္ဘာ့နိုင်ငံ ၁၆ နိုင်ငံတွင် ဖြစ်ပွားနေသည်ကိုလည်း ဖော်ပြထားပါကြောင်း၊ ထို့ပြင် လူကုန်ကူးခံရသူများတွင် အမျိုးသမီး ၅၁ ရာခိုင်နှုန်း၊ ကလေးသူငယ် (အမျိုးသမီး) ၂၀ ရာခိုင်နှုန်း၊ ကလေးသူငယ် (အမျိုးသား) ရှစ်ရာခိုင်နှုန်းနှင့် အမျိုးသား ၂၁ ရာခိုင်နှုန်း လူကုန်ကူးခံနေရသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်က ထုတ်ပြန်သည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၇ နိုင်ငံအပေါ် သုံးသပ်ထားသော ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာအရ မြန်မာနိုင်ငံသည် နံပါတ် ၁၈ တွင် ရှိနေကြောင်းနှင့် မြန်မာနိုင်ငံလူဦးရေ ၅၂ သန်းကျော်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် လူဦးရေ ၅၇၅၀၀၀ ခန့်သည် ခေတ်သစ်ကျေးကျွန်စနစ်အောက်တွင် နေထိုင်နေကြရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း။

**ဘဝရပ်တည်ရန် ခက်ခဲ**

အစီရင်ခံစာက သတ်မှတ်သည့် ခေတ်သစ်ကျေးကျွန်စာရင်းထဲတွင် သမားရိုးကျ ကျွန်ပြုခိုင်းစေခြင်းအပြင် လူမှောင်ခိုကူးမှု၊ အဓမ္မခိုင်းစေမှု၊ ငွေဝယ်ကျွန်၊ အဓမ္မထိမ်းမြားလက်ထပ်ပေးခြင်း၊ အရွယ်မရောက်သူများကို ခိုင်းစားခြင်း၊ ရောင်းစားခြင်းတို့ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှု၊ ဝင်ငွေနည်းပါးမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားမှုစသည့် ဘဝရပ်တည်ရန် ခက်ခဲစေသော အကြောင်းရင်းများကြောင့် လူကုန်ကူးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုပြဿနာများကို ကြည့်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံများ အပါအဝင်ဒေသတွင်း နိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်ဖြစ်ပွားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

၂၀၁၇ ခုနှစ် ကိန်းဂဏန်းများအရ တရုတ်နိုင်ငံကို ၇၄ ဒသမ ၃၄ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံကို ၄ ဒသမ ၃၇ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံကို သုည ဒသမ ၂၉ ရာခိုင်နှုန်း ဦးတည်ဖြစ်ပွားသည်ကို တွေ့ရပြီး ပြည်တွင်းလူကုန်ကူးမှု ၂၁ ဒသမ ၂၈ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများဆီသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်ရာမှတစ်ဆင့် လူကုန်ကူးခံကြရပြီး အမျိုးသမီးအများစုသည် အဓမ္မ ထိမ်းမြားလက်ထပ်ရန် လူကုန်ကူးခံနေရသည်ကို တွေ့ရှိရပါကြောင်း၊ ထူးခြားမှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အငှားကိုယ်ဝန်ဆောင်သည့် လူကုန်ကူးမှုပုံစံအသစ်များကိုလည်း ဖော်ထုတ်အရေးယူနိုင်ခဲ့ပါကြောင်း၊ ပြည်တွင်းလူကုန်ကူးမှုများတွင် ပြည့်တန်ဆာပြုမှုနှင့် အဓမ္မလုပ်အား ခေါင်းပုံဖြတ်မှုများ အဓိကဖြစ်ပွားလျက်ရှိပါကြောင်း။

**ကြွေးမြီဖြင့် နှောင်ဖွဲ့**

မြန်မာနိုင်ငံ၏ လူကုန်ကူးခံရမှုဖြစ်စဉ်များကို လေ့လာရာတွင် အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ အဓမ္မမွေးစားခြင်းနှင့် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းဆိုသည့် ပုံစံ ၅ မျိုးဖြစ်ပွားနေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၇ ခုနှစ် ကိန်းဂဏန်းများအရ အဓမ္မထိမ်းမြားလက်ထပ်မှု ၆၀ ဒသမ ၁ ရာခိုင်နှုန်း၊ အဓမ္မပြည့်တန်ဆာပြုမှု ၁၇ ဒသမ ၂ ရာခိုင်နှုန်း၊ အဓမ္မအလုပ်ခိုင်းစေမှု ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ကလေးသူငယ်လူကုန်ကူးမှု သုည ဒသမ ၈ ရာခိုင်နှုန်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေမှု ၁ ဒသမ သုည ရာခိုင်နှုန်း ဖြစ်ပွားခဲ့ကြောင်း။

**စီမံကိန်းများ ရေးဆွဲပြီး**

လူကုန်ကူးမှုများကို တိုက်ဖျက်နိုင်ရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများ ရေးဆွဲပြီး ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဂေဟာများ တိုးချဲ့**

တတိယ ငါးနှစ် ၂၀၁၇-၂၀၂၁ စီမံကိန်းကာလအတွင်း ၂၀၀၅ ခုနှစ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲပြီး အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လူကုန်ကူးခံရသူများအား တိုက်ရိုက်အကူအညီပေးခြင်းနှင့် လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာနိုင်ငံအဆင့် ယန္တရားတစ်ရပ် (National Refferal Mechanism) ရေးဆွဲရန်၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရန်၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်း အစီအစဉ် (National Standard Operating Procedure) ရေးဆွဲရန်၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးရန်၊ ပြစ်မှုတရားစီရင်ရေးလုပ်ငန်းစဉ် (Criminal Justice System) ပိုမိုထိရောက်စေရန်၊ လူကုန်ကူးခံရသူ ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ နိုင်ငံအဆင့် စံနှုန်းများရေးဆွဲရန်၊ ယာယီစောင့်ရှောက်ရေးဂေဟာများ တိုးချဲ့ရန်စသည့် အဓိကကျသော ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

**စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့**

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပြည်ပတွင် ခိုအောင်းနေသော လူကုန်ကူးသူများကို ဖမ်းဆီးရန် ခက်ခဲခြင်း၊ ပြည်ပနိုင်ငံကို ရောက်နေသော လူကုန်ကူးခံရသူများကို အချိန်မီ ကယ်တင်နိုင်ရန် ခက်ခဲခြင်း၊ နေရပ်ပြန်ရောက်လာသည့် လူကုန်ကူးခံရသူများအတွက် ခိုင်မာသည့် အလုပ်အကိုင်အခွင့်အလမ်းများ တည်ဆောက်ပေးရန် လိုအပ်နေခြင်းစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

**ဖြန့်ဝေပေးနိုင်**

၂၀၁၈ ခုနှစ်အတွင်း နယ်မြေရဲတပ်ဖွဲ့ အမှုစစ်အရာရှိများနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ရေး လမ်းညွှန်ချက်စာအုပ်နှင့် လူကုန်ကူးခံရသူဗဟိုပြုသည့် စုံစမ်းစစ်ဆေးခြင်းနှင့် လူကုန်ကူးခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်း လုပ်ငန်းစဉ်စာအုပ်များကို တစ်နိုင်ငံလုံးရှိ ရဲအရာရှိများထံ ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဥပဒေအရာရှိများအကြား လူကုန်ကူးမှုများအပေါ် ပူးပေါင်းဆောင်ရွက်ရေး လမ်းညွှန်ချက် (Guideline)ကိုလည်း ဖြန့်ဝေနိုင်ခဲ့ပါကြောင်း။

**လက်မှတ်ရေးထိုး**

အာဆီယံဒေသအတွင်း တစ်ခုတည်းသော လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons, Especially Women and Children)ကိုလည်း အတည်ပြုခဲ့ပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နှစ်နိုင်ငံ (Standard Operating Procedure) ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

မြန်မာ-ထိုင်း၊ မြန်မာ-တရုတ် နားလည်မှုစာချွန်လွှာများကို ၂၀၀၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပြီး လက်ရှိတွင် မြန်မာ-ထိုင်း MoU ကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် မြန်မာ-အိန္ဒိယ MoU လက်မှတ်ရေးထိုးရန်လည်း ပြင်ဆင်နေပါကြောင်း၊ Bilateral Meeting များအနေဖြင့် တရုတ်နိုင်ငံ၊ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့ (RTP)၊ ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန(DSI)တို့နှင့် အစည်းအဝေးများ ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း။

လူကုန်ကူးမှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ရာတွင် များစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ အထူးသဖြင့် အရှေ့တောင်အာရှ၏ ဖွံ့ဖြိုးဆဲနိုင်ငံများသည် သက်ရောက်မှုအများဆုံး ခံရလျက်ရှိပါကြောင်း၊ ထို့ကြောင့် မူရင်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံ၊ ကြားခံနိုင်ငံများအကြား ကြိုတင်ကာကွယ်ရေးဆိုင်ရာ အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အလားတူ မူရင်း နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများ တိုးမြှင့်စေခြင်းသည်လည်း အရေးပါသည့် ကိစ္စရပ်တစ်ခု ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုကို တိုက်ဖျက်ရန်အတွက် အခြားသော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**စစ်ဆေးဖော်ထုတ်**

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုများ ဖော်ထုတ်အရေးယူမှုအနေဖြင့် ပဉ္စမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့် အချိန်မှစပြီး ယနေ့အထိ လူကုန်ကူးမှု ဖော်ထုတ်မှုပေါင်း ၂၀၁ မှု၊ လူကုန်ကူးခံရသူ ကျား ၃၂ ဦး၊ မ ၂၁၈ ဦး စုစုပေါင်း ၂၅၀ ဦး စိစစ်သတ်မှတ်နိုင်ခဲ့ပြီး တရားစွဲတင်နိုင်ခဲ့သည့် အမှုအရေအတွက် ၁၄၂ မှု၊ လူကုန်ကူးသူ တရားခံ ကျား ၁၀၆ ဦး၊ မ ၂၆၀ ဦး စုစုပေါင်း ၃၆၆ ဦးတို့ကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပါကြောင်း၊ လူကုန်ကူးမှုများကို စစ်ဆေးဖော်ထုတ်ရာတွင် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူမှုများ ပိုမိုထိရောက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**လူသားချင်း စာနာ**

လူကုန်ကူးခံရသူများကို အခြေခံလူ့အခွင့်အရေးများ၊ ကုလသမဂ္ဂ ကွန်းဗင်းရှင်းပါ အခွင့်အရေးများနှင့်အညီ လူသားချင်း စာနာထောက်ထားသော ရှုထောင့်ကနေ ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံအလိုက် မတူညီသည့် ဥပဒေစနစ် (Legal System) ရှိနေသော်လည်း လူကုန်ကူးခံရသူများအတွက် ကာကွယ် စောင့်ရှောက်မှုများကို တူညီစွာ ပေးအပ်ရမည်ဖြစ်ပါကြောင်း။

**ထောက်ပံ့နိုင်**

လူကုန်ကူးခံရသူများကို ကူညီထောက်ပံ့နိုင်ရန်အတွက် သီးခြားရန်ပုံငွေ မထူထောင်နိုင်သေးသော်လည်း လူကုန်ကူးခံရသူများကို ပံ့ပိုးကူညီပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လူကုန်ကူးခံရသူ ကျား ခြောက်ဦး၊ မ ၁၆၉ ဦး စုစုပေါင်း ၁၇၅ ဦးအတွက် ငွေကျပ် ၁၉၇၄၈၀၀၀ ကို ထောက်ပံ့နိုင်ခဲ့ပါကြောင်း၊ လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း လူကုန်ကူးခံရသူ မ ကိုးဦးအတွက် ငွေကျပ် ၇၁၀၀၀၀၀ ထောက်ပံ့ပေးပြီး ဖြစ်ပါကြောင်း။

**တိုက်တွန်းပြောကြား**

မြန်မာနိုင်ငံသည် လူကုန်ကူးမှု၏ မူရင်းအစပြုနေရာဖြစ်ခြင်း၊ နစ်နာမှုများပြားခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် စုပေါင်းအားဖြင့် လူကုန်ကူးမှုများကို တိုက်ဖျက်ရန် လိုအပ်သောကြောင့် ယခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ပုဒ်ဖြစ်သည့် **"လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး"**နှင့်အညီ နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ကြိုးပမ်းအားထုတ်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အဆိုပါခန်းမအတွင်း၌ ဖွင့်လှစ်ပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလှုပ်ရှားမှု ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများ နိုဝင်ဘာ ၅ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုပွဲများကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ဆက်တိုက်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၅ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ နိုဝင်ဘာ ၆ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ နိုဝင်ဘာ ၇ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၇ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းသည် မြန်မာအသင်းကို အာဆီယံဖူဆယ်ပြိုင်ပွဲ၏ ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ဦးဌေးမြင့်သည် မြန်မာအမျိုးသားဖူဆယ်အသင်းကို ယာယီကိုင်တွယ်ရာတွင် အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု (က)တွင် အိမ်ရှင်အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားတို့နှင့် ကျရောက်နေပြီး အုပ်စု (ခ)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့် တီမောအသင်းတို့ ပါဝင်နေသည်။

**ရှိုင်းထက်ဇော်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားခြင်း၊ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ရငွေသုံးငွေဆိုင်ရာများကို တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ယင်းအဆိုတင်သွင်းခြင်းအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ သဘောထားရယူ၍ အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

### ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြု

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၁ အပိုဒ်ခွဲ (က) နှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ထားသည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးကျော်ကျော်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြရာတွင် ကော်မတီသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီများမှ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အစည်းအဝေး ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါကြောင်း။

ယင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၄၀ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ် (၂) နှင့် အပိုဒ် ၄၁ အပိုဒ်ခွဲ (ခ) တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

အညီ ပြင်ဆင်၍လည်းကောင်း၊ အပိုဒ် ၅၄ ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပယ်ဖျက်၍ အပိုဒ် ၅၅မှ အပိုဒ် ၅၉အထိ အပိုဒ်များကို အပိုဒ် ၅၄ မှ ၅၈ အဖြစ် ပြောင်းလဲအမှတ်စဉ်၍လည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### ၂၀၁၈ - ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် ၂၀၁၈ - ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်ဆိုင်ဟိန်းက နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသကဲ့သို့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လည်ပတ်နိုင်ရန်အတွက် အစိုးရတစ်ရပ်သည် အခွန်အကောက်ကို အဓိကရှာဖွေကြရပါကြောင်း၊ အခွန်ကောက်ခံမှု၏ အခြေခံသဘောသဘာဝအရ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် အချိန်တွင် အခွန်များပိုမိုတိုးမြှင့်ကောက်ခံနိုင်ပြီး စီးပွားရေးလေးလံနေသည့် ကာလများတွင် အခွန်များကို လျှော့ပေါ့ကောက်ခံသွားရမည်ဖြစ်ပါကြောင်း။

ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်များ၏ စည်းကြပ်အခွန်နှုန်းထားများကို လျှော့ချပေးသင့်ပါကြောင်း၊ စက်မှုလုပ်ငန်းသုံးယာဉ်များ အမှတ်စဉ် (၃၂)၊ ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေးတို့၏ နောက်ဆက်တွဲ၌ လျှော်ဖြူစေးခေါ် ဆေးကုလားမကို ထပ်မံဖြည့်စွက်ထည့်သွင်းလိုပါကြောင်း၊ တစ်နိုင်ငံလုံးရှိ လျှော်ဖြူစိုက်တောင်သူများကိုလည်း အခြားစက်မှုလုပ်ငန်းသုံး ကုန်စည်များကဲ့သို့ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်စေပြီး ဥပဒေ၏ အကာအကွယ်ကို ရရှိစေလိုသဖြင့် ဖြည့်စွက်ထည့်သွင်းရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က မိမိတို့နိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်မှစ၍ လက်ဝဲကပ်မောင်းနှင်ခြင်းစနစ်မှ လက်ယာကပ်မောင်းနှင်ခြင်းစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း၊ အဆိုပါစနစ်အရ ညာကပ် ဘယ်မောင်းကားများသာ တင်သွင်းရမည် ဖြစ်ပါကြောင်း၊ စနစ်မှားမှစနစ်မှန်ကို လျင်မြန်စွာ ကူးပြောင်းနိုင်ရန်အတွက် ဘယ်မောင်းကားများ တင်သွင်းလာသည်ကို အခွန်ကင်းလွတ်ခွင့် ပေးသင့်ပါကြောင်း၊ သို့သော် နိုင်ငံတော်တည်ဆောက်သည့် နေရာတွင် အခွန်ကိုသာ အဓိကထားနေရသည့်အတွက် လျှော့ပေါ့ကောက်ခံသင့်ပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အခွန်အကောက်မူကြမ်းတွင် ထူးခြားချက် ၂ ချက်ရှိပါကြောင်း၊ အထူးကုန်စည်ခွန်နှုန်းထားများကို တိုးမြှင့်သတ်မှတ်ခြင်းနှင့် ယခင်က ဝင်ငွေခွန်ပမာဏအား ပြောင်းလဲသတ်မှတ်ခြင်းတို့ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ပါဝင်သည့် အခွန်အုပ်စုများတွင် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်တို့ဖြစ်ပါကြောင်း၊ အထူးကုန်စည်ခွန် ပြောင်းလဲသွားသည့် ကုန်ပစ္စည်းများထဲတွင် အရက်အမျိုးမျိုး၏ အခွန်နှုန်းများကို အရက်တစ်လီတာ၏ တန်ဖိုးအပေါ် မူတည်၍ စုစုပေါင်း ၁၆ ဆင့် ခွဲခြားဖော်ပြထားပါကြောင်း၊ အရက်တစ်လီတာ၏ တန်ဖိုးများကိုမြှင့်၍ ဖော်ပြထားသကဲ့သို့ တစ်လီတာတွင် ကောက်ခံမည့် အခွန်နှုန်းများကိုလည်းမြှင့်၍ ဖော်ပြထားပါကြောင်း၊ သို့သော်လည်း ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အရက်တစ်လီတာအပေါ် ကောက်မည့် အခွန်ပမာဏများလာသော်လည်း ရာခိုင်နှုန်းအားဖြင့် မထူးခြားပါကြောင်း။

ကျောက်မျက်ရတနာများ၏ အခွန်နှုန်းထားဖော်ပြချက်ကိုလည်း ၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုထားသည့်အတိုင်း စိန်နှင့်မြကို ကင်းလွတ်ခွင့်ရ ကုန်စည်အဖြစ် ထည့်သွင်းဖော်ပြထားပါကြောင်း၊ စိန်နှင့်မြ၊ ရွှေစင်ရွှေတုံးများသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ပြည်သူလူထုအများစု၏ စားဝတ်နေရေးတို့ကို အကျိုးပြုသည့် ကုန်ပစ္စည်းများ မဟုတ်ပါကြောင်း၊ ဇိမ်ခံပစ္စည်းများဖြစ်သောကြောင့် ထိုကုန်စည်များအပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်ပြုထားခြင်းကို ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး (ခေါ်) ဦးကျော်ဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးတင်အောင်ထွန်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင်၊ ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# သီရိမင်္ဂလာဈေးဟောင်းအား လတ်တလောအခြေအနေအရ အဆောက်အအုံပြန်လည်ပြင်ဆင်ရန် အစီအစဉ်မရှိသေးကြောင်း စည်ပင်သာယာရေးဝန်ကြီးဆို

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ အန္တရာယ်ရှိအဆောက်အအုံအဖြစ် ကြေညာထားသည့် သီရိမင်္ဂလာဈေးဟောင်း အဆောက်အအုံအား လတ်တလောအခြေအနေအရ Renovation သော်လည်းကောင်း၊ Retrofitting ပြုလုပ်၍သော်လည်းကောင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောသည်။

ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့တွင် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက "သီရိမင်္ဂလာဈေးဟောင်းအား မြို့အင်္ဂါရပ်နှင့်ညီညွတ်စွာ ယခင်ကထက် ပိုမိုကောင်းမွန်အောင် ပြန်လည်ပြင်ဆင်၍ Renovation သော်လည်းကောင်း၊ Retrofitting ပြုလုပ်၍ သော်လည်းကောင်း ပြန်လည်ပြင်ဆင်ရန် အစီအစဉ် ရှိ၊ မရှိ၊ ပြန်လည်ပြင်ဆင်ပြီးပါက လက်ရှိငှားရမ်းခွင့် သက်တမ်းကျန်ရှိသူများအား နစ်နာမှုမရှိစေရန် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်းပြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ယင်းသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

"လတ်တလော အခြေအနေအရ အဆောက်အအုံကို ပြန်လည်ပြင်ဆင်ဆောင်ရွက်ဖို့ အစီအစဉ်မရှိသေးပါဘူး၊ Renovation ဒါမှမဟုတ် Retrofitting ပြုလုပ်ပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်တာ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့ အဆောက်အအုံတွေ ပြန်လည်ဆောက်လုပ်တာတွေ ဆောင်ရွက်ချိန်မှာတော့ အငှားချထားသူတွေ နစ်နာမှုမရှိစေရေးအတွက် စာချုပ်ပါစည်းကမ်းချက်တွေကိုအခြေခံပြီး ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောသည်။

သီရိမင်္ဂလာဈေးအဆောက်အအုံသည် Winter Co.,Ltd. သို့ ၁၉၉၉ ခုနှစ်က လုပ်ငန်းအပ်နှံဆောက်လုပ်ခဲ့ကြောင်း၊ ရုံအမှတ် (A)၊ (B) နှင့် (C)

စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး

ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်စန္ဒာမင်း

တို့တွင် ပျက်စီးယိုယွင်းမှုများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၁၅-၈-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ၁၄-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း စစ်ဆေးခဲ့ပြီး ၃၀-၁-၂၀၁၅ ရက်နေ့တွင် Clancy Global Myanmar ကုမ္ပဏီမှ နိုင်ငံခြားသားပညာရှင်အဖွဲ့ဖြင့် လည်းကောင်း၊ ၃-၇-၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အကြံပေးအင်ဂျင်နီယာ၊ Structure ပညာရှင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာအဖွဲ့ဖြင့်လည်းကောင်း၊ ၃၀-၁၂-၂၀၁၅ ရက်နေ့တွင် Structure ပညာရှင်အဖွဲ့ဖြင့်လည်းကောင်း စစ်ဆေးခဲ့ရာ အဆောက်အအုံများ၏ ပျက်စီးသောနေရာများသည် အန္တရာယ်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ၁၁-၈-၂၀၁၇ ရက်နေ့တွင် ထပ်မံစစ်ဆေးခဲ့ရာ ပျက်စီးနေသောနေရာများသည် ယခင်ကထက် ပိုမိုပျက်စီးမှုများဖြစ်ပေါ် လျက်ရှိပြီး အန္တရာယ်ရှိနိုင်သော အနေအထားသို့ ရောက်ရှိနေသည်ကို တွေ့ရှိရသဖြင့် ၁၆-၈-၂၀၁၇ ရက်နေ့ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် အန္တရာယ်ရှိအဆောက်အအုံအဖြစ် ကြေညာခဲ့ခြင်းဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ယနေ့ပြုလုပ်သည့် လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့အတူ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့တွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက "ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရာဒေသအလိုက် သားသတ် လိုင်စင်ဘယ်နှခုကို မည်သို့ခွင့်ပြုထုတ်ပေးထားပါသလဲ၊ လိုင်စင်အရေအတွက် တိုးမြှင့်ခွင့်ပြုသွားရန် အစီအစဉ်ရှိ၊ မရှိကို သိရှိလိုပါကြောင်း၊ ဝက်၊ ဆိတ်၊ နွား မွေးမြူသူများအနေဖြင့် စည်ပင်သာယာကြီးကြပ်ခွင့်ပြုမိန့်ဖြင့် ကိုယ်တိုင် အသားထုတ်လုပ် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း၊ ကြက်သားများ ကျန်းမာရေးနှင့်ညီညွတ်စွာ စနစ်တကျ အသားထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ကြက်သားထုတ်လုပ်ရေးစက်ရုံများ ထူထောင်ပေးသွားရန် အစီအစဉ်ရှိ၊ မရှိကို သိရှိလိုပါကြောင်း" နှင့် လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်(ခ) ဦးဦးဝင်းမောင်က "လှိုင်သာယာမြို့နယ်အတွင်းနေထိုင်ကြသော ပြည်သူများ သောက်သုံးရေရရှိရေးအတွက် ရန်ကုန်မြို့တော် ရေပေးဝေရေးစနစ်နှင့် ချိတ်ဆက်၍ သောက်သုံးရေ ဖြန့်ဝေပေးရန်အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" မေးမြန်းရာ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဖြေကြားသည်။

**သတင်း-သီသီမင်း၊ဓာတ်ပုံ- လင်းမောင်**

# ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်များ၏ စွမ်းရည်သရုပ်ပြသပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၃**

ပိုလန်နိုင်ငံ ချေးငွေဖြင့် ဝယ်ယူထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်များ၏ စွမ်းရည်သရုပ်ပြသပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမရှေ့၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြသပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးယာဉ်များ၊ မီးသတ်အထောက်အကူပြုယာဉ်များ၊ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ အသုံးပြုပုံကိုရှင်းလင်းတင်ပြပြီး သဘာဝဘေးအန္တရာယ်များတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ယာဉ်တစ်စီးချင်း၏ စွမ်းဆောင်ရည်များကို လက်တွေ့သရုပ်ပြသသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ မီးသတ်အထောက်အကူပြုယာဉ်များ၊ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေ အစီအစဉ်ဖြင့် ဝယ်ယူရရှိသော ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ် ၇၅ စီးကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမြန်လမ်းမီးသတ်စခန်းများသို့ ဖြန့်ခွဲတာဝန်ချထားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ရုံးတို့မှရုံးအဖွဲ့မှူးများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ၁၉ ဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့မှ ရုံးအဖွဲ့မှူးများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က အစိုးရအဖွဲ့၏လုပ်ဆောင်မှုများ ရာနှုန်းပြည့်ပြီးစီးမှုကိုလိုအပ်ပါက ကွင်းဆင်းလေ့လာရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာငွေပေါ် မူတည်၍ လုပ်ပေးနိုင်ခြင်းရှိ၊ မရှိကို ပြတ်ပြတ်သားသား ပြောစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဦးဇုံးတိန့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးထိ အစည်းအဝေးများတွင် အတည်ဖြစ်ခဲ့သည့်အဆိုများ၊ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ စိစစ်ထားသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနများအနေဖြင့် တိကျရှင်းလင်းစွာ ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးထိ အစည်းအဝေးများတွင် အတည်ပြုခဲ့သောအဆိုများ၊ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြခဲ့မှုအပေါ် ကော်မတီအဖွဲ့ဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ"**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။
(ဂ) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။
(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။
(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။
(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား ၁၀ လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။
(ဇ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။
(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲတင်ပြရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆုသုံးသိန်းငါးသောင်းကျပ်၊ တတိယဆုနှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၀၊ ၀၁-၂၀၁၉၃၆ တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

# ဒစ်ဂျစ်တယ်ပေါင်းစည်းမှု ဖြစ်ပေါ်နိုင်စေမည့် ဂေဟစနစ်တစ်ရပ် အာဆီယံဒေသတွင်းနိုင်ငံများ ဝိုင်းဝန်းဖော်ဆောင်ကြရမည့်အချိန်

■ လေ့လာတင်ပြသူ-အောင်ထိန်

၂၁ ရာစုခေတ်၏ "အာရှကျား"နိုင်ငံသစ်အဖြစ် ပေါ်ထွန်းလာသော ဗီယက်နမ်နိုင်ငံ၌ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဒေသဆိုင်ရာ(၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို အဓိကကျသောအကြောင်းရပ် ငါးရပ်နှင့်အတူ ကျင်းပလျက်ရှိသည်ဆိုသော သတင်းတစ်ပုဒ်မှာ အရှေ့တောင်အာရှဒေသရှိ နိုင်ငံများအားလုံးမှ ပြည်သူများအတွက်သာမက အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသအားလုံးမှ ပြည်သူများအတွက်ပါ အလွန်ပင်ထူးခြားလှပေရာ ယင်းဖိုရမ်၏ ထူးခြားသွင်ပြင်လက္ခဏာများကို ရွှန်းရွှန်းစားစား အာရုံစိုက်လေ့လာရန် အကြောင်းဖြစ်တည်လာသည်။

စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ မြို့တော်ဟနွိုင်းရှိ အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ဝှဲချီးသဘင် ဆင်ယင်ကျင်းပလျက်ရှိသော အဆိုပါဖိုရမ်သို့ ကမ္ဘာ့နိုင်ငံများနှင့် ဒေသစုစုပေါင်း ၄၃ ခုမှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်လျက်ရှိကြသည်။

**အစုအဖွဲ့ဆွေးနွေးပွဲပေါင်း ၆၀ ခန့်**

ဒေသဆိုင်ရာ ပေါင်းစည်းရေးအလို့ငှာ အာဆီယံနိုင်ငံများအတွက် မျှော်မှန်းချက်သစ်ဖော်ထုတ်ခြင်း၊ ဒစ်ဂျစ်တယ်ခေတ်တွင် စီးပွားရေးပုံစံသစ်များနှင့် ခေါင်းဆောင်မှု ရှာဖွေဖော်ထုတ်ခြင်း၊ အာဆီယံနိုင်ငံများအတွက် စီးပွားရေးလုပ်ငန်းပုံစံသစ်များနှင့် မောင်းနှင်အားသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာ့ခေါင်းဆောင်မှုတို့အတွက် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ၏ ချဉ်းကပ်မှုနည်းလမ်းသစ်ရှာဖွေခြင်း၊ smart infrastructure၊ ကျွမ်းကျင်မှုစွမ်းရည် လေ့ကျင့်မှု၊ စီးပွားရေးလုပ်ငန်းအရ အသစ်ထူထောင်သောလုပ်ငန်းများနှင့် ဆန်းသစ်မှုပြုလုပ်ခြင်းတို့ကို အဓိကကျသော အကြောင်းရပ်ငါးရပ်အဖြစ် သတ်မှတ်ကာ အစုအဖွဲ့ဆွေးနွေးပွဲပေါင်း ၆၀ ခန့် ပြုလုပ်လျက်ရှိသည်ဟု သိရှိရသည်။

ဖိုရမ်၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စတုတ္ထစက်မှုတော်လှန်ရေး (Entrepreneurship and the Fourth Industrial Revolution)"ဟူ၍ဖြစ်သည်။ ယင်းဦးတည်ချက်ဆောင်ပုဒ်သည် အာဆီယံအတွက်သာမက ကမ္ဘာ့နိုင်ငံများ၏ တူညီသောအကျိုးစီးပွားကို ထင်ဟပ်နေသည်။ အာဆီယံအဖွဲ့၏ ၂၀၁၈ ခုနှစ်အတွက် ဦးတည်ချက်ဆောင်ပုဒ်ဖြစ်သော "ကြံ့ကြံ့ခံနိုင်သည့်စွမ်းပကားရှိမှုနှင့် အာဆီယံ၏ဆန်းသစ်ဖန်တီးနိုင်မှု" နှင့် ဆက်စပ်နှီးနွှယ်နေသော ဦးတည်ချက်ဆောင်ပုဒ်အဖြစ် လေ့လာတွေ့ရှိရသည်။

ဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူးကျောက်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုံ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာဂျိုကိုဝီဒိုဒို၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆမ်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီစုလစ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာပရာဂျင်ယွန်တောင်၊ အာဆီယံမိတ်ဖက်နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးဆိုင်ရာ ထိပ်တန်းအရာရှိကြီးများ၊ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခကလပ်စ်ရှဝက်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

တက်ရောက်လာသည့် ကိုယ်စားလှယ်တော်ကြီးများတွင် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် သီရိလင်္ကာနိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ သမ္မတများနှင့် မြန်မာနိုင်ငံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ထူးထူးခြားခြား ပါဝင်သည်။

**ကမ္ဘာ့စီးပွားရေးဖိုရမ် ဖြစ်တည်ရာ**

ကမ္ဘာ့စီးပွားရေးဖိုရမ်(WEF)ကို ၁၉၇၁ ခုနှစ်တွင် ထူထောင်ခဲ့သည်။ စီးပွားရေးအကျိုးအမြတ်ရယူခြင်းမရှိသော ဖောင်ဒေးရှင်းတစ်ခုအဖြစ် ထူထောင်ခြင်းဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဌာနချုပ်ဖွင့်လှစ်ထားသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ အကျော်ဇေယျ နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းအကြီးအမှူးများနှင့် အခြားသောခေါင်းဆောင်များ တွေ့ဆုံကာ နိုင်ငံတကာဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် လုပ်ငန်းကဏ္ဍကြီးများအလိုက် အနာဂတ်အစီအစဉ်များ ရေးဆွဲဖော်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့် ဆွေးနွေးနိုင်ရန် စီစဉ်ပေးသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

> ❛ စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလ၌ မြန်မာနိုင်ငံအနေဖြင့် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်ရာတွင် ထိုးဖောက်ဆောင်ရွက်ရန် လိုအပ်ပုံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးခဲ့ ❜

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**

ဖိုရမ်ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ ပူးတွဲသဘာပတိအဖြစ်လည်းကောင်း လက်ခံကျင်းပပေးသော ဗီယက်နမ်နိုင်ငံသည် ဆန်းသစ်ဖန်တီးနိုင်စွမ်းရှိသူများ၏ စီးပွားရေးလုပ်ငန်းသစ်များ၊ အခြေခံအဆောက်အအုံလုပ်ငန်းများ၊ ခေတ်မီနည်းပညာများ၊ အဆင့်မြင့်နည်းပညာများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်အားပေးနေသည့် နိုင်ငံအဖြစ် ရှုမြင်ရသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ရွေးချယ်ခံရခြင်းမှာ တတိယအကြိမ်ဖြစ်သည်။ ဒေသဆိုင်ရာ စီးပွားရေးဖိုရမ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမှုအဖြစ် ၂၀၁၀ ပြည့်နှစ်တွင် အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် မဲခေါင်ဒေသဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကိုလည်းကောင်း ယင်းနိုင်ငံတွင် ကျင်းပခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ယခုနှစ်တွင် ကျင်းပသောဖိုရမ်သည် အာရှဒေသမှ အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အနာဂတ်မျှော်မှန်းချက်အတွက် ၎င်းတို့၏အတွေးအမြင်များကို မျှဝေဖော်ထုတ်ခွင့်ပေးသော ပလက်ဖောင်းတစ်ခုဟု ဆိုနိုင်သည်။

ဒေသအတွင်းသာမက ကမ္ဘာ့ဒေသများအတွင်းတွင်ပါ ဖွံ့ဖြိုးရေးတူရူပြုချက်များ မည်သို့ရှိသည်၊ ဖွံ့ဖြိုးရေးဆိုင်ရာ လေးနက်သောအတွေးအမြင်များ မည်သို့ရှိသည်ကို ဖိုရမ်က ဖော်ထုတ်ပေးနိုင်ပေလိမ့်မည်။

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သော ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် အစိုးရအဖွဲ့တို့က ၎င်းတို့၏နိုင်ငံတော်အား ကမ္ဘာနှင့် စီးပွားရေးအရ ယှက်နွှယ်ပေါင်းစည်းရေးဟူသောမူဝါဒ၊ ဒေသတွင်းရှိ နိုင်ငံများအားလုံး သာတူညီမျှ ဖွံ့ဖြိုးရေးနှင့် ပေါင်းစည်းရေးတို့အတွက် ပါဝင်ဆောင်ရွက်ရေးဟူသောမူဝါဒတို့ကို ချမှတ်ကျင့်သုံးနေချိန်တွင် ဖိုရမ်ကို ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်သည် နိုင်ငံပေါင်းစုံ ပါဝင်လှုပ်ရှားခွင့်ရှိသော ကုန်သွယ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ဦးတည်ကြိုးပမ်းနေပြီး စတုတ္ထစက်မှုတော်လှန်ရေးကို မြှင့်တင်အားပေးလျက်ရှိကြောင်း WEF ထူထောင်သူနှင့် အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခ ကလပ်စ်ရှဝက်က ပြောကြားခဲ့သည်။

နိုင်ငံပေါင်းစုံ ပါဝင်လှုပ်ရှားခွင့်ရှိသော ကုန်သွယ်ရေးစနစ်ကို ဖော်ဆောင်လျက်ရှိရာတွင် အနာဂတ်ကာလ၌ စတုတ္ထစက်မှုတော်လှန်ရေးတွင် ထဲထဲဝင်ဝင် ပါဝင်သူများသာလျှင် အောင်မြင်မှုရရှိနိုင်ပုံကို ၎င်းကထောက်ပြသည်။

**ဒစ်ဂျစ်တယ်တော်လှန်ရေးအပေါ် အခြေတည်**

စတုတ္ထစက်မှုတော်လှန်ရေးဟူသည် တတိယစက်မှုတော်လှန်ရေး(ခေါ်) ဒစ်ဂျစ်တယ်တော်လှန်ရေးအပေါ်တွင် အခြေတည်ထားသည်။ ပညာရပ်နယ်ပယ်အများအပြားတွင် နည်းပညာသစ်များ ဖော်ထုတ်နိုင်ခြင်းနှင့်အတူ ရူပဗေဒ၊ ဒစ်ဂျစ်တယ်နှင့် ဇီဝဗေဒနယ်ပယ်တို့ ပေါင်းဆုံစုစည်းနိုင်ခြင်းမှာ စတုတ္ထစက်မှုတော်လှန်ရေး၏ ပြယုဂ်ဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)၊ စက်ရုပ်နည်းပညာ၊ ကွန်ပျူတာအခြေပြုစနစ်များဖြင့် ကမ္ဘာကြီးကို ချိတ်ဆက်ခြင်း (Internet of Things)နှင့် အလိုအလျောက်စနစ်သုံးယာဉ်များ နည်းပညာ(Autonomous vehicles) စသည်တို့သည် နည်းပညာများပေါင်းစည်းမှု ရေစီးကြောင်းတွင် တစုတဝေး ပါဝင်လာကြသည်။

စတုတ္ထစက်မှုတော်လှန်ရေးအရေးကြီးပုံကို အလေးပေးသည့်အနေဖြင့် ယခုနှစ်၏ ဖိုရမ်တွင် အဓိကဦးတည်ချက်ဆောင်ပုဒ်အဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း ပါမောက္ခ ကလပ်စ်ရှဝက်က ပြောကြားသည်။

စီးပွားရေးလုပ်ငန်းပုံစံများနှင့် ကုန်သွယ်ရေးအရ ယှဉ်ပြိုင်လုပ်ကိုင်မှုပုံစံများတွင်သာမက အမျိုးသားစီးပွားရေးဘဝနှင့် လူ့အဖွဲ့အစည်းတို့အတွင်း နည်းပညာသစ်များသည် တော်လှန်ရေးအသွင်ဖြင့် ပြောင်းလဲတိုးတက်လာနေကြောင်း၊ စတုတ္ထစက်မှုတော်လှန်ရေးနှင့်အတူ အောင်မြင်အောင်ဆောင်ရွက်နိုင်သော နိုင်ငံများအဖြစ်သို့ တည်ဆောက်ကြရမည့် အချိန်အခါကာလတွင် ရောက်ရှိနေကြပြီဖြစ်ကြောင်း ပါမောက္ခ ကလပ်စ်ရှဝက်က ပြောကြားသည်။

ဆန်းသစ်ဖန်တီးမှုများကို အားပေးခြင်း၊ စတုတ္ထစက်မှုတော်လှန်ရေးနှင့်အညီ စီးပွားရေးလုပ်ငန်းသစ်များ ထူထောင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ယင်းတော်လှန်ရေးတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခြင်း၊ အထူးအားဖြင့် ယင်းတော်လှန်ရေးကို လူငယ်များနှင့် ကျောင်းသား ကျောင်းသူများအပါအဝင် လူတန်းစားအလွှာအသီးသီးက အပြုသဘော တုံ့ပြန်ဆောင်ရွက်ခြင်း၊ တော်လှန်ရေးသစ် ပေါ်ထွန်းလာခြင်းကြောင့် လက်ရှိအလုပ်အကိုင်များ ဆုံးရှုံးကြရမည်ကို စိုးရိမ်စိတ်မထားကြဘဲ အလုပ်အကိုင်သစ်များနှင့် အခွင့်အလမ်းသစ်များကို ဖော်ထုတ်ပေးနိုင်မည့် တော်လှန်ရေးကြီးအဖြစ် ရှုမြင်ကြခြင်းတို့ အရေးကြီးပုံကို ပါမောက္ခ ကလပ်စ်ရှဝက်က ထောက်ပြခဲ့သည်။

စတုတ္ထစက်မှုတော်လှန်ရေးနှင့်အတူ ပေါ်ထွန်းလာသော စီးပွားရေးလုပ်ငန်းသစ်များနှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများက ပေးစွမ်းမည့် အလားအလာကောင်းများသည် လူတိုင်းအတွက် တောက်ပသောအနာဂတ်ကို ဖန်တီးဖော်ဆောင်ပေးလာနိုင်မည်ဖြစ်ကြောင်း Open Forum တွင် အလေးအနက်ပြု ဆွေးနွေးခဲ့ကြသည်။ အဆိုပါ Open Forum သို့ အစိုးရတာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ကော်ပိုရေးရှင်းများမှ တာဝန်ရှိသူများ၊ ဘာသာရပ်ကျွမ်းကျင်သူပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ဖိုရမ်၏ ထူးခြားသွင်ပြင်**

အာဆီယံဒေသဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် အာဆီယံဒေသတွင်းမှ ဆန်းသစ်ဖန်တီးရေး စီးပွားရေးလုပ်ငန်းသစ် လုပ်ကိုင်သည့်ကုမ္ပဏီ ၈၀ အထိကို ဖိတ်ခေါ်ခဲ့ခြင်းမှာ ဖိုရမ်၏ ထူးခြားသွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်သည်။

ဖိုရမ်ဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလတွင် မြန်မာနိုင်ငံနှင့် အာဆီယံတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလ၌ မြန်မာနိုင်ငံအနေဖြင့် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်ရာတွင် ထိုးဖောက်ဆောင်ရွက်ရန် လိုအပ်ပုံကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးခဲ့သည်။

စက်မှုအသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်ရာတွင် လက်တွေ့ကျသည့် အဓိကအရေးကြီးဆုံးအချက်တစ်ချက်မှာ လူသားတို့၏ အခန်းကဏ္ဍဖြစ်ပြီး စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလသို့ ချဉ်းကပ်ကြိုးပမ်းရာတွင် မိမိတို့အနေဖြင့် တီထွင်နိုင်စွမ်းရှိမှု၊ မျှဝေခံစားမှု၊ ခေါင်းဆောင်မှုတို့ကို အခြေခံရမည်ဟု ဆိုသည်။

လူသားအားလုံးအတွက် စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလ အောင်မြင်မှုရရှိရန် အားလုံးကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံကို လည်းကောင်း၊ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုကို တတ်နိုင်သမျှ ဆောင်ရွက်ရန် လိုအပ်ပုံကိုလည်းကောင်း၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရာ၌ လူငယ်၊ လူကြီးအားလုံးအတွက် ပညာရေးတွင် လက်တွေ့ကျသော စွမ်းရည်အရေးကြီးပုံကိုလည်းကောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထောက်ပြခဲ့သည်။

ခေါင်းဆောင်မှုသည် တီထွင်နိုင်မှု၊ မျှဝေခံစားမှုနှင့် ဆက်စပ်လျက်ရှိပြီး စက်မှုအသွင်ကူးပြောင်းမှုတိုင်းတွင် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သည်။ ပြည်သူများအား နည်းပညာအသစ်များကို သင်ကြားပေးရန် လိုအပ်သည်။

နည်းပညာသစ်များကို သင်ကြားရာတွင် စိန်ခေါ်မှုများကို ရဲဝံ့စွာရင်ဆိုင်၍ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ အာဆီယံနိုင်ငံများအနေဖြင့် ကျွမ်းကျင်မှုနှင့် နည်းပညာတိုးတက်ရေးအတွက် ပြင်ဆင်ထားရမည်ဖြစ်သည်။

**စာမျက်နှာ ၁၀ သို့**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသလျက်ရှိသည့် စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းများနှင့် ဒေသခံတိုင်းရင်းသားများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမျိုးသားကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် စစ်သည်များ၊ စစ်မှုထမ်းဟောင်းများနှင့် ဒေသခံတိုင်းရင်းသားများအား တစ်ဦးချင်း ရောဂါဖြစ်ပွားမှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှသည် အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် စစ်သည်မိသားစုများနှင့် ဒေသခံပြည်သူ ကိုယ်ဝန်ဆောင်မိခင်များအား တစ်ဦးချင်း နှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(ယာဗုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းများ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများ မိမိတို့သင်ကြားရသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိစေရေး ဘာသာရပ်အထောက်အကူပြု ဖြတ်ပိုင်းပုံ၊ စံပြပုံများ ထားရှိ၍ လေ့ကျင့်ပေးရန်၊ အင်ဂျင်နီယာပညာရပ်တွင် အရေးကြီးသည့် အီလက်ထရွန်နစ်ဘာသာရပ်၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာဘာသာရပ်များကို ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးရန်၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသိအမြင်များ ပိုမိုတိုးတက်စေရေး Philosophy of Engineering အမြင်အား တတ်နိုင်သမျှသင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းပြခန်းအတွင်း ခင်းကျင်းပြသထားမှုများ၊ စာသင်ခန်းများအတွင်း သင်တန်းသားများအား သင်ခန်းစာများ သင်ကြားပို့ချပေးနေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စက်မှုအင်ဂျင်နီယာဌာနပြခန်း၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဌာနပြခန်း၊ ဓာတုအင်ဂျင်နီယာဌာနပြခန်း၊ ကွန်ပျူတာအင်ဂျင်နီယာ ဌာနပြခန်း၊ သတ္တုဗေဒအင်ဂျင်နီယာပြခန်း၊ စက်မှုအီလက်ထရွန်နစ် အင်ဂျင်နီယာပြခန်း၊ မြို့ပြအင်ဂျင်နီယာပြခန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာပြခန်းများအတွင်း ခင်းကျင်းပြသထားရှိမှုများအား လှည့်လည်ကြည့်ရှုဆေးစစ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၃**

အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bipin Rawat နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ပူနေးမြို့၌ ကျင်းပမည့် BIMSTEC Army Chiefs' Conclave သို့ တက်ရောက်ရန်နှင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန် ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံသို့ ထွက်ခွာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပိုနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Dr. Sumit Seth၊ စစ်သံမှူး Colonel Naveen Mahajan နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၃**

မောင်တောမြို့နယ် နယ်မြေ ၁၊ အမှတ် ၅ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေ နယ်မြေရုံးမှ ရဲအုပ်ဇော်လင်းအောင်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် ၁၁ BGB တပ်ရင်း Fultoli ကင်းစခန်းမှ Subedar Md. Mosharaf Hosssen ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်မှ ၁၂ နာရီ ၁၅ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၇ မှ ၄၈ အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# တပ်မတော်အား ပြင်ပမှ စွက်ဖက်လုပ်ဆောင်နေမှုများကို မန္တလေးမြို့တွင် ဆန့်ကျင်ဆန္ဒပြ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မနောရမ္မ လူထုဟစ်တိုင်ကွင်း၌ ယနေ့နံနက်ပိုင်းက တပ်မတော်အား ပြင်ပမှ စွက်ဖက်လုပ်ဆောင်နေမှုများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြပွဲတွင် ချမ်းအေးသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အငြိမ်းစားများနှင့် အရန်အဖွဲ့ဝင်များ ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ တပ်မတော်အပေါ် ကျရောက်နေသည့် နိုင်ငံတကာဖိအားများကြောင့် ဆန္ဒပြခြင်းဖြစ်ကြောင်း သိရသည်။

ဆန္ဒပြပွဲတွင် မဆီမဆိုင် နိုင်ငံရေး စွက်ဖက်သော ဖေ့စ်ဘွတ်ကို လုံးဝဆန့်ကျင်ရှုတ်ချသည်၊ ဘက်လိုက်သော ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးကော်မရှင်၏ မမျှမတ တစ်ဖက်သတ်အစီရင်ခံစာတို့ လုံးဝလက်မခံ စသည်ဖြင့် ရေးသားထားသော ဗီနိုင်းများကို ကိုင်ဆောင်ကာ ဆန္ဒပြသခဲ့ကြကြောင်း သိရသည်။ Myanmar Digital News

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ
သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထားသည့် ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထားသည့် ရန်ပုံငွေများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**ကိုယ်ချင်းစာစိတ်ဖြင့် ပေးအပ်**

လွှဲပြောင်းလှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်လောကသားများအနေဖြင့် အများပြည်သူတို့ ဘေးဒုက္ခကြုံတွေ့တိုင်း ကူညီလှူဒါန်းမှုများ ပြုလုပ်လေ့ရှိပါကြောင်း၊ ယခုအခါ ရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုဖြင့် ဗီဒီယိုအခြေခံအဖွဲ့အဆင့်ဆင့်နှင့် ရုပ်ရှင်လောကသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကို သိရှိနားလည်ဂရုပြုပြီး ကိုယ်ချင်းစာစိတ်ဖြင့် အလှူငွေပေးအပ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လှူဒါန်းငွေများအား ပြည်သူများ၏ လိုအပ်ချက်အရှိဆုံးနေရာများကို ဦးစားပေးရွေးချယ်ပြီး အထိရောက်ဆုံးဖြစ်အောင် ထောက်ပံ့ပေးအပ်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထားသည့် ရန်ပုံငွေကျပ် သိန်း ၁၅၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ယနေ့ လွှဲပြောင်းလှူဒါန်းသည့် ရန်ပုံငွေများကို သာကေတမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲမှ ငွေကျပ် ၁၀ သိန်း၊ ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)မှ ငွေကျပ် သိန်း ၄၀၊

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ငွေကျပ် သိန်း ၁၀၀ ထည့်ဝင် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါရန်ပုံငွေများကို ဩဂုတ် ၂၇ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အားကစားလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" "Healthy Myanmar" "Exercise/ Physical Activity is Medicine" အားကစားလှုပ်ရှားမှု အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အားကစားလေ့လာလိုက်စားကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များကို တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့် ကာယပညာဦးစီးဌာန၏ လုပ်ငန်းများသည် များစွာစနစ်ကျပြီး တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ဆက်လက်ထိန်းသိမ်းဆောင်ရွက်နေသည်ကို ဂုဏ်ယူပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အားကစားလုပ်ငန်းများကို ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ ကျင်းပသည့် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးဆိုသည့် လှုပ်ရှားမှုကဏ္ဍဖြစ်ပေါ်လာသည်မှာ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၏ အဓိကလှုံ့ဆော်စည်းရုံးဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း။

ယနေ့ အားကစားလှုပ်ရှားမှုတွင် ပါဝင်ကြသူများအနေဖြင့်လည်း ကိုယ်လက်လှုပ်ရှားအားကစားများကို ဆက်လက်လုပ်ဆောင်စေလိုပါကြောင်း၊ ယခုအချိန်တွင်သာမက မိမိတို့၏နေအိမ်များတွင်လည်း ဆက်လက်လုပ်ဆောင်စေလိုပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ သူများကိုလည်း ကိုယ်လက်လှုပ်ရှားအားကစားကို ပါဝင်ဆောင်ရွက်လာစေရန် လုပ်ဆောင်ပေးစေလိုပါကြောင်း၊ ကျန်းမာရေးကောင်းမွန်ရန် ဆေးဝါးဖြင့်သာမက အဓိကလိုအပ်သည်မှာ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ဆောင်ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်အနေဖြင့်လည်း ယခုထက် ပိုမို၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေရန် ဝိုင်းဝန်းပံ့ပိုးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က "ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" လှုပ်ရှားမှုအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများနှင့် ဒုတိယဝန်ကြီးများ၏ဇနီးများသည် တက်ရောက်လာကြသော အားကစားလေ့လာလိုက်စားကြသူများနှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နည်းပြအဖွဲ့၏ Aerobic ကို အခြေခံထားသည့် Myanmar Fitness Dance နှင့် Balance Fitness အဖွဲ့၏ နည်းပြဆရာနှင့်အဖွဲ့က ဦးဆောင်၍ ကိုယ်ကာယ စုပေါင်းလှုပ်ရှားမှုများကို ပျော်ရွှင်စွာ ဆောင်ရွက်ကြသည်။

ယခုကဲ့သို့ "ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" လှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ် မတ်လတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်း၊ ပြည်သူ့ရင်ပြင်နှင့် သခင်မြပန်းခြံတို့တွင်လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်လည်းကောင်း၊ ဇွန်လတွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၈ မှ

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်သည် စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းရေးအတွက် အရေးကြီးသည်။ ပညာရေးကို ပညာရှင်အဆင့် အရည်အချင်းရှိမှုထက် လက်တွေ့ကျသည့် အရည်အချင်းရှိမှုသို့ ပြောင်းလဲ၍ အလေးပေးဆောင်ရွက်သင့်သည်။ လူငယ်များအား တီထွင်ကြံဆနိုင်မှုအတွေးအခေါ်များကို တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်သည်။ စွန့်ဦးတီထွင်မှုနှင့်ပတ်သက်၍ ကူးသန်းရောင်းဝယ်မှု၊ စက်မှု၊ ကုန်သွယ်မှုတို့သာမက ကဏ္ဍများဖွံ့ဖြိုးတိုးတက်မှုအတွက် ပျိုးထောင်ပေးကြရမည်ဖြစ်သည် စသည်ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆိုမိန့်ခဲ့သည်။

မြန်မာနိုင်ငံတွင် လူငယ်များတီထွင်မှုစွမ်းအားရှိကြပြီး တီထွင်မှုကို လက်တွေ့ဆောင်ရွက်မှုစွမ်းရည်နှင့် ချိတ်ဆက်ကာ တီထွင်မှု၊ စွမ်းဆောင်မှု၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတို့အတွက် ချဉ်းကပ်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကာလသည် စီးပွားရေးအရ ပိုမိုအကျိုးအမြတ်ဖြစ်ထွန်းစေရေးထက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဤဆွေးနွေးပွဲဖိုရမ်မှ ဆွေးနွေးနိုင်မည့် အခွင့်အရေးရရှိမည်ဟု ယုံကြည်သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖိုရမ်တွင် အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

**နောက်ကျ မကျန်ရစ်ဖို့**

စတုတ္ထစက်မှုတော်လှန်ရေးတွင် နောက်မကျရန်မှာ လူသားအရင်းအမြစ်၏ စွမ်းဆောင်ရည်က အဓိကအကျဆုံးပင်ဖြစ်သည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပညာရေးဘက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ သုတေသနလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တီထွင်မှုများကို အားပေးမြှင့်တင်ရေးတို့ကိုပါ တစ်ပါတည်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့ကာလသည် အာဆီယံဒေသရှိနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများအားလုံး စတုတ္ထစက်မှုတော်လှန်ရေးကို ရင်ဆိုင်နေရပြီဖြစ်သည်။ ယင်းတော်လှန်ရေးကိုအကြောင်းပြု၍ ပြည်သူပြည်သားများနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများမှာလည်း အလျားသင့်လိုက်ပါပြောင်းလဲမှုဆီသို့ ဦးတည်လျက်ရှိသည်။

အနာဂတ်စီးပွားရေးပုံစံသစ်အတွက် ယခုအချိန်မှအစပြု၍ နိုင်ငံများအလိုက် အစီအမံသစ်များကို ရေးဆွဲချမှတ်ဖော်ဆောင်ရန် လိုအပ်လျက်ရှိနေပြီဖြစ်သည်။

စတုတ္ထစက်မှုတော်လှန်ရေးမှ ပေါ်ထွန်းလာသော အခွင့်အလမ်းသစ်များကို ဆုပ်ဆုပ်ပိုင်ပိုင်ရယူနိုင်ရန် လိုအပ်ပေမည်။ တော်လှန်ရေးသစ်၏ အကျိုးဆက်များအဖြစ် လက်ရှိအလုပ်အကိုင်များဆုံးရှုံးရမှု၊ နှောင့်နှေးကြန့်ကြာရမှု၊ သာတူညီမျှမှု ချိန်ခွင်လျှာတစ်ဖက်သို့ တိမ်းစောင်းမှု၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုနှင့် ဆိုက်ဘာတိုက်ခိုက်မှုများ အစရှိသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် အရေးကြီးပုံကို ယခုပြုလုပ်ခဲ့သောဖိုရမ်က တိုက်တွန်းနှိုးဆော်ဘိသကဲ့သို့ ရှိနေပေသည်။

လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးရှုခင်းများ၏ နယ်ပယ်အသီးသီးတွင် အသွင်ကူးပြောင်းမှုအရှိန်အဟုန်ကို အားပေးမြှင့်တင်ကြခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စတုတ္ထစက်မှုတော်လှန်ရေး၏ စိန်ခေါ်မှုများမှ ကျော်လွှားလွတ်မြောက်ကာ ယင်းတော်လှန်ရေး၏ အသီးအပွင့်များကို ဆွတ်ခူးရယူနိုင်စေရေးအလို့ငှာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြင့် ဖော်ဆောင်ကြရမည့်အချိန်သို့ ရောက်ရှိလာပြီဟု သတိမူမိပါသည်။

အာဆီယံနိုင်ငံများအနက် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျော့နည်းနေဆဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံဖော်ဆောင်ခြင်းနှင့် လူသားရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းတို့တွင် နိုင်ငံတကာ၏ ထောက်ခံမှု ပိုမိုရရှိလာရန် လိုအပ်နေသည်ဟု ယူဆရသည်။ ဖော်ပြပါနိုင်ငံများအနေဖြင့် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်ပါက စီးပွားရေးအရယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုတိုးတက်လာရန် လိုအပ်ခြင်းကြောင့်ဖြစ်သည်။

အာဆီယံအဖွဲ့သည် ဒေသတွင်း၌ ဖွံ့ဖြိုးရေးဆိုင်ရာကွာဟချက်ကို သိသိသာသာ လျှော့ချနိုင်မှသာလျှင် ဒေသဆိုင်ရာအဖွဲ့အစည်းကြီးအဖြစ် ခိုင်မာရပ်တည်လာနိုင်ပေလိမ့်မည်။

ဒေသတွင်းပေါင်းစည်းရေးကို ဦးတည်လျက်ရှိသော အာဆီယံအဖွဲ့သည် "ဒစ်ဂျစ်တယ်ပေါင်းစည်းမှု" (Digital Integration) ဖြစ်ပေါ်နိုင်စေမည့် ဂေဟာစနစ်တစ်ရပ်ကိုဖော်ဆောင်နိုင်ရန် စုပေါင်းကြိုးပမ်းကြရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။

စာအုပ်
စာပေ
လူ့မိတ်ဆွေ

# မောင်တောမြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မောင်တော စက်တင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့ အထက- ၁ ကျောင်း၌ ဆဋ္ဌမ အကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး မောင်တောခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းက ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားခြင်း၊ မောင်တောခရိုင်ဥပဒေအရာရှိ ဦးကျော်ရွှေမောင်က လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဥပဒေပိုင်းဆိုင်ရာသိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြခြင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးမောင်အေးသာက လူကုန်ကူးမှုခံရခြင်းမှရရှိလာသည့် ဆိုးကျိုးနှင့် ရောဂါများအကြောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲများမှ ခရိုင်အဆင့်ဆုရကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ အခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ အေးမင်းသူ(ကြေးမုံ)**

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　စက်တင်ဘာ　　၁၃

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး**

**လေးစားရပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ လယ်သမားပါတီအနေဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်မှ ယခုလာမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားအများစု ဖြစ်ကြပါတယ်။ တောင်သူလယ်သမားအားလုံးဟာ လူထုအင်အားကြီးပြီး ဆင်းရဲကြပါတယ်။ ကျွန်တော်တို့အမိမြန်မာနိုင်ငံကြီးဟာ စိုက်ပျိုးရေးကိုအခြေခံထားတဲ့ တိုင်းပြည်ဖြစ်ပါတယ်။

ရှေးနှစ်ပေါင်းများစွာကတည်းက ဗမာလယ်သမားလည်း ဆင်းရဲတာပဲ၊ ကချင်၊ ရှမ်း၊ မွန်၊ ကယား၊ ရခိုင် စတဲ့ တိုင်းရင်းသားလယ်သမားအားလုံး ဆင်းရဲခဲ့ကြရပါတယ်။

ဆင်းရဲတော့ လယ်သမားတွေက လူရာမဝင်ဘူးပေါ့။ စာပေကဏ္ဍမှာလည်း အားနည်းတော့ အနှိမ်ခံရတဲ့ လူထုလူတန်းစားကြီးတစ်ရပ် ဖြစ်နေပါတယ်။

ဒါပေမယ့် ဘယ်လောက်ပဲအားနည်းနည်း တိုင်းပြည်နဲ့လူမျိုး စားဖို့သောက်ဖို့အတွက် ရွှံ့တော နွံတောထဲမှာ မမောနိုင်မပန်းနိုင်ဘဲ ပင်ပန်းကြီးစွာ စိုက်ပျိုးကျွေးမွေးလာတာကို တိုင်းသူပြည်သားအားလုံး အသိအမှတ်ပြုပေးရတော့မယ့် အချိန်ကာလတစ်ခု ရောက်ရှိနေပါပြီ။

စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စတဲ့သီးနှံတွေကို ကြိုးစားပမ်းစား စိုက်ပျိုးနေသော်ငြားလည်း ရာသီဥတုဖောက်ပြန်ရင် ရှုံး၊ နိုင်ငံခြားဈေးကွက်မရှိရင် ရှုံး၊ ရေကြီးရင် အရင်းပြုတ်၊ မိုးခေါင်ရင် ငုတ်တုတ်မေ့ဆိုတဲ့ဘဝတွေကို ကြံ့ကြံ့ခံရင်း တိုင်းပြည်အတွက်ကြိုးစားပြီး စိုက်ပျိုးကျွေးမွေးနေတာ အံ့ဩဖို့ကောင်းတဲ့ လူတန်းစားတစ်ရပ်ပါ။

တချို့ပညာတတ်တွေဆိုရင် ဆရာဝန်နဲ့ အင်ဂျင်နီယာဘွဲ့တွေယူထားပြီး ဆေးမကု၊ တိုက်မဆောက်ဘဲ မင်္ဂလာဈေးထဲမှာ ဈေးရောင်းတဲ့သူ၊ အိမ်ပွဲစား၊ ကားပွဲစားလုပ်တဲ့သူ၊ နိုင်ငံခြားကိုသွားပြီး သူများတိုင်းပြည်အတွက် အလုပ်လုပ်ပေးနေတဲ့သူတွေ မိမိအတွက် တွက်ခြေကိုက်မယ့်လုပ်ငန်းတွေ ပြောင်းပြီး လုပ်ကိုင်ကုန်ကြပါတယ်။

ဆင်းရဲသားတောင်သူလယ်သမားကြီးများဟာ ဒါတွေမသိလို့ မလုပ်တတ်လို့မဟုတ်ပါဘူး။ အမိမြေနဲ့ အမိရေကိုချစ်လို့ မိမိတစ်ဘဝလုံးလုပ်လာတဲ့ အလုပ်ကို တန်ဖိုးထားလို့ ရှုံးချင်လည်းရှုံး၊ ကြွေးတင်ချင်လည်း တင်ပါစေတော့ဆိုပြီး အလွန်ပင်ပန်းတဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုနေတဲ့ လူတန်းစားကြီးရဲ့ စေတနာ၊ မေတ္တာကို အသိအမှတ်ပြုစေလိုပါတယ်။

ကျွန်တော်တို့ လယ်သမားပါတီကြီးဟာ ဆင်းရဲသားပါတီကြီးပါ။ လူအများစုဟာ ဆင်းရဲကြပါတယ်။ ဆင်းရဲချင်လို့ ဆင်းရဲသွားတာမဟုတ်ပါဘူး။ ခေတ်အဆက်ဆက်က လယ်သမားထုကို လျစ်လျူရှုမှုများခဲ့တာကြောင့် လယ်သမားက လယ်စိုက်ရင်းမွဲတယ်၊ အလုပ်သမားက အလုပ်လုပ်ရင်းကြွေးပိတယ်။ ကျွန်တော်တို့လူမျိုးတွေ အလုပ်မလုပ်ဘဲ အိပ်နေတဲ့သူတွေ မဟုတ်ပါဘူး။ အလုပ်လုပ်ရင်းနဲ့ မွဲကုန်ကြတာပါ။ မြန်မာတွေပျင်းလို့၊ ဖျင်းလို့ မဟုတ်ဘူးဆိုတာ ယုံလိုက်ပါ။

တိုင်းပြည်ဟာ လယ်သမားထုကို စောင့်ရှောက်ရမယ့်အချိန် ဖြစ်နေပါပြီ။ မစောင့်ရှောက်နိုင်ဘူးဆိုရင် ဘုရားပန်းတောင် နိုင်ငံခြားက မှာသွင်းနေရတဲ့ အခြေအနေရောက်နေပါပြီ။ လယ်သမားတို့ရဲ့ ဝင်ငွေဟာ စိုက်ပျိုးရေးက တစ်ခုတည်းမဟုတ်ဘဲ မွေးမြူရေးပါတွဲပြီး လုပ်နိုင်အောင် ကူညီဖို့လုပ်ရမှာ ဖြစ်တယ်။

လယ်သမားတွေရဲ့ ဘဝအမှန်၊ လယ်သမားတွေရဲ့ အခက်အခဲ၊ သူတို့ရဲ့ အကျပ်အတည်းကို လွှတ်တော်ထဲမှာ တင်ပြနိုင်ဖို့ လယ်သမားကိုယ်စားလှယ်တော်ကြီးတွေ လွှတ်တော်ထဲ ရောက်ဖို့လိုတယ်။

နိုင်ငံရေးဆိုတာ သိပ္ပံနည်းကျလုပ်ဆောင်ပြီး လက်တွေ့ဆန်တာကို ပြောတာပါ။ ဒါကြောင့် Political Science လို့ခေါ်တဲ့ နိုင်ငံရေးသိပ္ပံဆိုတဲ့ ဘာသာရပ်တစ်ခု ဖြစ်ပေါ်လာတာပါ။ လယ်သမားကိုယ်စားလှယ်တို့ အားမငယ်ပါနဲ့။ နိုင်ငံရေးဟာ ဘယ်လောက်လက်တွေ့ဆန်လဲဆိုရင် ဗိုလ်ချုပ်ကြီးရဲ့ စကားလည်း စားပွဲပေါ်တင်၊ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ ပညာတတ်ကြီးတွေရဲ့ စကားလည်း စားပွဲပေါ်တင်၊ အလုပ်သမား၊ လယ်သမား၊ အနုပညာသမား၊ အခြေခံလူတန်းစား စတဲ့လူတွေရဲ့စကားတွေကို စားပွဲပေါ်တင်ရောသမမွှေစဉ်းစားပြီး အဖြေထုတ်တာကို နိုင်ငံရေးသိပ္ပံလို့ ခေါ်ပါတယ်။ လက်တွေ့တကယ်ဆန်ပြီး အဖြေထုတ်နိုင်ပါတယ်ဆိုတာ ယုံကြည်စေလိုပါတယ်။

ဒါကြောင့် တောင်သူလယ်သမား ပြည်သူအပေါင်းတို့ ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့ အဓိကပုဂ္ဂိုလ်တွေဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့လိုတယ်။

ကျွန်တော် ပြည်သူတွေကို မေတ္တာရပ်ခံချင်တာကလည်း အခုအောက်ခြေကျေးရွာ၊ ရပ်ကွက်တွေမှာ အရင်တုန်းကအလှူလုပ်လည်းအတူတူ၊ ခရီးသွားဘုရားဖူးထွက်လည်း အတူတူ၊ တစ်ရွာတည်းသားချင်းတွေဟာ အခုတော့ တံဆိပ်တွေမတူတော့ စိတ်တွေမတူတော့ဘူး။ တံဆိပ်တွေကွဲတော့ စိတ်တွေကွဲကုန်ကြပြီး ငါ့လူနိုင်ရင်ပြီးရော၊ ငါ့ဘက်ကသာရင်ပြီးရော ဆိုပြီး မျက်စိမှိတ်ပြီး မဲထည့်ပစ်တော့ အမှန်တရားနဲ့ မျှတခြင်းတွေ ကွယ်ပျောက်ကုန်ကြပါတယ်။ တံဆိပ်တွေ၊ ပါတီတွေ မကြည့်ကြတော့ဘဲနဲ့ တို့ရပ်ရွာအတွက်၊ တို့မြို့နယ်အတွက် အမှန်တကယ် စောင့်ရှောက်နိုင်မယ့်ပုဂ္ဂိုလ်၊ တကယ်အနစ်နာခံပြီး တိုးတက်အောင်လုပ်ပေးမယ့်ပုဂ္ဂိုလ်မျိုးကို မဲပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ တစ်တိုင်းပြည်လုံး တာဝန်ယူမှု၊ တာဝန်ခံမှု အလေ့အကျင့်ရှိဖို့ လိုအပ်နေပါတယ်။ အုပ်ချုပ်တဲ့ လူတန်းစားရော၊ အအုပ်ချုပ်ခံရတဲ့ပြည်သူရော ဒီအချက်ဟာ သိပ်အရေးကြီးပါတယ်။ အုပ်ချုပ်တဲ့အဖွဲ့အစည်းကလည်း စည်းကမ်းရှိဖို့လိုပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ပွင့်ပွင့်လင်းလင်းပြောရရင် စည်းမဲ့ကမ်းမဲ့ လုပ်တဲ့လူတွေ အများကြီးတွေ့ရပါတယ်။ အမှိုက်ကိုပစ်ချင်တဲ့နေရာမှာ ပစ်တယ်၊ ကွမ်းတံတွေးကိုထွေးချင်တဲ့နေရာမှာ ထွေးတယ်၊ တယ်လီဖုန်းထဲ ဖေ့ဘွတ်ပေါ်ကနေ ဆဲချင်တဲ့လူကို ဆဲတယ်၊ ကားကိုမောင်းချင်သလိုမောင်းတာတွေ အများကြီးတွေ့ရပါတယ်။

ဒါတွေကို ကြည့်မယ်ဆိုရင် တွေးစရာတွေ နှစ်မျိုးရှိလာပါတယ်။

(၁) ဒီလိုလူမျိုးတွေရှိလို့ တိုင်းပြည်မတိုးတက်တာလား။

(၂) တိုင်းပြည်မတိုးတက်လို့ ဒီလိုလူမျိုးတွေရှိတာလား။

ဒီလိုလူမျိုးတွေရှိလို့ တိုင်းပြည်မတိုးတက်ရင် တိုင်းသူပြည်သားရဲ့ တာဝန်ပဲ။ တိုင်းပြည်မတိုးတက်လို့ ဒီလိုလူမျိုးတွေရှိတာဆိုရင် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့တဲ့ အစိုးရရဲ့တာဝန်ပဲ။

ကျွန်တော်ကတော့ အစိုးရအဆက်ဆက်ရဲ့ တာဝန်ပဲလို့ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူက အစိုးရတွေကို ထိန်းကျောင်းဆုံးမလို့မရပါဘူး။ အစိုးရကသာ ပြည်သူကို ထိန်းကျောင်းလမ်းပြဖို့ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတွေကို လိမ္မာဖို့၊ ပြည်သူတွေပျော်ရွှင်ဝမ်းဝဖို့၊ ပြည်သူတွေ စည်းကမ်းရှိဖို့၊ တိုင်းပြည် ဂုဏ်တက်ဖို့အတွက် ပြည်သူကိုထိန်းကျောင်းပြီး လမ်းပြနိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေပဲ လိုပါတယ်။

သူတို့ကတိုင်းပြည်ရဲ့ အိမ်ဦးခန်းမှာနေပြီး စီမံခန့်ခွဲမယ့်လူတွေပါ။ ကျွန်တွေမဟုတ်ပါဘူး။ ကျွန်လို့ပြောပြီး ကျွန်လုပ်ချင်ရင်တော့ ဒီနေရာကို လုံးဝမလာပါနဲ့လို့ ပြတ်ပြတ်သားသား ပြောချင်ပါတယ်။

တိုင်းသူပြည်သားတို့ ပွင့်ပွင့်လင်းလင်းပြောမှ သဘောပေါက်မယ့် လူတန်းစား တိုင်းပြည်မှာ အလွန်များနေတဲ့ ကာလဖြစ်တယ်။

ကျွန်တော် တရားဟောစည်းရုံးရေးဆင်းတုန်းက စင်မြင့်ပေါ်ကနေ အားကြိုးမာန်တက် လယ်သမားတို့ ခင်ဗျားတို့ဆင်းရဲနေတာကနေ လွတ်မြောက်ဖို့ ပိုပြီးအားသွန်ခွန်စိုက် အလုပ်ကိုလုပ်ကြရမယ်လို့ဟောတော့ အောက်က ပရိသတ်က တုတ်တုတ်တောင်မလှုပ်ဘူး။

ဒါနဲ့ကျွန်တော်က ပုံသဏ္ဌာန်ပြောင်းပြီး ကျွန်တော်တို့လယ်သမားပါတီကြီးသာ ရွေးကောက်ပွဲမှာအနိုင်ရရင် လယ်သမားတွေ ဘာမှမပင်ပန်းဘဲ နိုင်ငံခြားအကူအညီတွေလည်းရပြီး ခင်ဗျားတို့ဘာမှသိမ်မလုပ်ရဘဲနဲ့ ချမ်းသာသွားမယ်လို့လည်းပြောရော လက်ခုပ်တွေ တဖြောင်းဖြောင်းနဲ့အားရဝမ်းသာ ဩဘာပေးကြတယ်။

ဒါကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်မှာ ဘာမှမလုပ်ဘဲနဲ့ အချောင်ကြီးပွားလိုတဲ့ ပြည်သူနဲ့၊ တိုင်းပြည်အာဏာကို လိမ်ယူမယ့်ပုဂ္ဂိုလ်နဲ့တွေ့မှ ဒုက္ခလှလှကြီး ရောက်ကုန်ပါလိမ့်မယ်ဆိုတာ ထင်ထင်ရှားရှားကြီး တွေ့မြင်နေပါတယ်။ တိုင်းသူပြည်သားများကို ပြောချင်တာက ကိုယ့်ကိုအုပ်ချုပ်မယ့်၊ ကိုယ့်ကိုစီမံခန့်ခွဲမယ့်လူကို ပြီးပြီးရော မရွေးလိုက်ပါနဲ့။ စဉ်းစားပါ။

ကိုယ့်ကိုယ်ကိုယ်လည်း ဉာဏ်ရှိတဲ့သူ၊ တာဝန်ရှိတဲ့သူတစ်ယောက်ဖြစ်အောင်လည်း ပြင်ဆင်ထားရမယ်။ ကိုယ်ဉာဏ်မရှိရင် ဉာဏ်မရှိတဲ့သူပဲ ရွေးမိမှာပဲ၊ ကိုယ်ဉာဏ်ရှိရင် ဉာဏ်ရှိတဲ့သူကို ရွေးမိမှာပဲ၊ ဘယ်အရာမဆို ကိုယ်နဲ့ တန်ရာတန်ရာပဲရမယ်ဆိုတာ မြဲမြဲမှတ်ထားစေလိုပါတယ်။

ကျွန်တော်တို့ ပြည်သူပြည်သားတွေဟာ နိုင်ငံရေးကို စိတ်ဝင်စားနေကြရတယ်။ နိုင်ငံရေးကို စိတ်ဝင်စားတယ်ဆိုတာကလည်း စားဝတ်နေရေးအတွက် စိတ်ပူနေကြလို့ပဲ။ လောကကြီးထဲလာတာ လူသားအားလုံးဟာ အေးအေးချမ်းချမ်း နေဖို့၊ စားဖို့၊ ဘဝကို စိတ်ချမ်းချမ်းသာသာနဲ့ ဖြတ်သန်းသွားဖို့ဆိုရင် မမှားပါဘူး။ စားဝတ်နေရေးပြေလည်ဖို့က အဓိကပဲ။

အများပြည်သူအတွက် စားဝတ်နေရေးပြေလည်ပြီး ငြိမ်းချမ်းဖို့က တာဝန်ယူပါမယ်၊ တာဝန်ခံပါမယ် ဆိုတဲ့ ခင်ဗျားတို့ရွေးချယ်မယ့် ကိုယ်စားလှယ်တွေရဲ့ တာဝန်ပဲ ဖြစ်တယ်။

ဘယ်ပါတီက ကိုယ်စားလှယ်ကို ရွေးချယ်ရွေးချယ် ကိုယ့်မြို့၊ ကိုယ့်တိုင်း၊ ကိုယ့်ဒေသကို ဉာဏ်ရှိရှိနဲ့ မှန်မှန်ကန်ကန် တိုးတက်အောင်လုပ်ပေးမယ့် လူပုဂ္ဂိုလ်မျိုးကို ရွေးချယ်ကြပါ။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေနဲ့ ရွေးလို့ အမှားဖြစ်ခဲ့ရင် တစ်မြို့နယ်လုံး နာမှာဖြစ်တယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အဓိကမူဝါဒကတော့ တိုင်းသူပြည်သား(စားဝတ်နေရေး)ပြေလည်ဖို့ပဲ။ ဒုတိယအဆင့်အနေနဲ့ တိုင်းပြည်ချမ်းသာအောင် စည်းကမ်းရှိရှိလုပ်မယ်ဆိုတာ ဆုံးဖြတ်ထားပါတယ်။ တိုင်းပြည်မှာ ငြိမ်းချမ်းရေးဟာ အရေးကြီးပါတယ်။ မငြိမ်းချမ်းရင် ငြိမ်းချမ်းပြီးသား ပြည်သူတွေပါ သောကရောက်ကြရပါတယ်။

ကျွန်တော်က ကျွန်တော့်ပါတီကိုယ်စားလှယ်တွေနဲ့ ပါတီခေါင်းဆောင်တွေကို အမြဲမှာကြားတဲ့ စကားကတော့ ပါတီအရေးထက် ပြည်သူ့အရေးကိုသာ ဦးစားပေးပါ။ ပြည်သူ့အရေးကို ဦးစားပေးရင် ပြည်သူအားကိုးတဲ့ ပါတီ မလွဲဧကန်ဖြစ်လာလိမ့်မယ်လို့ အမြဲမှာကြားပါတယ်။

ကျွန်တော်တို့ပါတီမှာ ပါတီခေါင်းဆောင်တွေကို အမြဲမှာကြားတဲ့ စကားကတော့-

-မယားထက် မရီးကို အကဲမပိုနဲ့ ဆိုတာပါ။

-မယားရှိလို့ မရီးရှိတာပါ။

-ပြည်သူရှိလို့ ပါတီဖြစ်လာတာပါ။

-ပြည်သူထက် ပါတီကို အကဲမပိုပါနဲ့လို့။

-မယားထက်မရီးကို အကဲပိုတော့ အဆဲခံရမယ်။

-ပြည်သူထက် ပါတီကို အကဲပိုတော့ အကွဲခံရမယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

### လယ်သမားပါတီ ဒို့ပါတီ

ရေး/ဆို- ညီဝင်းစိန်(စိန်မဟာသဘင်)

တောင်သူလယ်သမားဟေ့ တောင်သူလယ်သမားဟေ့
(လယ်သမားဟေ့)[၂]
[ဟေး. . . အဖိုးအနဦတန်ရင်
နွံမှာမနစ် ညစ်ပေမသွား
ဒို့အဘိုးအဘွားပေးတဲ့အမွေ
ဒို့အမျိုးများပေးတဲ့အမွေ
တောင်သူလယ်သမားဟေ့ တောင်သူလယ်သမားဟေ့
ရိုးရာလည်းမပျက်
ခေတ်အဆက်ဆက် မပြတ်တမ်းဂုဏ်ရောင်
(ဆရာစံဆိုတာ မှန်ရဲ့လားဟေ့)[၄]
ဂဠုန်နဂါးဟေ့ ဂဠုန်နဂါးဟေ့][၂]
အနီရောင်သဘောက
ရဲရင့်တယ် တည်ကြည်တယ်
အဖြူရောင်သဘောက
ရိုးသားတယ် ဖြူစင်တယ်
အနီရယ် အဖြူရယ် မခွဲတစ်သက်
တွဲလက် မဖြုတ်စတမ်းပဲဟေ့
မခွဲတစ်သက် ခြေတစ်လှမ်းတိုးမယ်
(ဂဠုန်ဆရာစံ အမှတ်အသားနဲ့)[၄]
တောင်သူလယ်သမား ဒို့ပါတီ
(ပေါ်လာပြီဗျာ ငွါးငွါးစွင့်စွင့်)[၂]
တောင်သူလယ်သမား ဒို့ပါတီ
ဂဠုန်နဂါးတံဆိပ် ဒို့အလံ
(အောင်လံတလူလူ လွှင့်မယ့်နိမိတ်ပဲ)[၂]
ဂဠုန်နဂါးတံဆိပ် ဒို့အလံ
လယ်သမားဒုက္ခ အရေးဆိုရင်
(ရဲဝံ့အစဉ် ရပ်မယ့်အဖွဲ့အစည်း)[၂]
အနီရောင်သဘောက
ရဲရင့်တယ် တည်ကြည်တယ်
အဖြူရောင်သဘောက
ရိုးသားတယ် ဖြူစင်တယ်
အနီရယ် အဖြူရယ် မခွဲတစ်သက်
တွဲလက် မဖြုတ်စတမ်းဘဲဟေ့
မခွဲတစ်သက် ခြေတစ်လှမ်းတိုးမယ်
(ဂဠုန်ဆရာစံ အမှတ်အသားနဲ့)[၄]
(လယ်သမားရဲ့ ပါတီပဲဟေ့)[၂]. . . .

ကြေးမုံ
စက်တင်ဘာ ၁၄၊ ၂၀၁၈

# ကုလအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၏ ဈာပနအခမ်းအနား ကျင်းပ နိုင်ငံခေါင်းဆောင်ဟောင်းများနှင့် လက်ရှိခေါင်းဆောင်များ တက်ရောက်

**အက္ကရာ စက်တင်ဘာ ၁၃**
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၏ ဈာပနအခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က ၎င်း၏ ဇာတိရပ်မြေ ဂါနာနိုင်ငံ အက္ကရာမြို့တွင် ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်ဟောင်းများ၊ လက်ရှိခေါင်းဆောင်များ၊ တိုင်းရင်းသားမျိုးနွယ်စု အကြီးအကဲများနှင့် ကမ္ဘာ့နိုင်ငံများမှ တော်ဝင်မင်းမျိုးမင်းနွယ်များက ကိုဖီအာနန်၏ မိသားစုနှင့်အတူ တက်ရောက်ကြသည်။

ကိုဖီအာနန်၏ ရုပ်ကလာပ်ထားရှိရာ အက္ကရာမြို့ အပြည်ပြည်ဆိုင်ရာညီလာခံခန်းမသို့ ဂုဏ်သရေရှိပုဂ္ဂိုလ်ရာပေါင်းများစွာတို့က ဝမ်းနည်းကြေကွဲသည့် အထိမ်းအမှတ်အဖြစ် အနက်ရောင်ဝတ်စုံများကို အများစုဝတ်ဆင်ကာ တက်ရောက်လာကြသည်။ ကိုဖီအာနန် ကွယ်လွန်ခြင်းအတွက် အမျိုးသားဝမ်းနည်းကြေကွဲသည့်နေ့ကို သုံးရက်ကြာ သတ်မှတ်ခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတဲရက်ရှ်က ဝမ်းနည်းကြေကွဲနေသည့် သံတမန်များအား ဦးဆောင်ကာ ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားသို့ အာဖရိကသမဂ္ဂ(အေယူ)နှင့် အနောက်အာဖရိကအုပ်စု(အီကိုဝပ်စ်)မှ ကိုယ်စားလှယ်များ၊ အာဖရိကတိုက်တစ်ဝန်းမှ သမ္မတများနှင့် သမ္မတဟောင်းများ တက်ရောက်ကြသည်။

ကိုဖီအာနန်၏ ဈာပနအခမ်းအနားသို့ တက်ရောက်လာသူ မင်းမျိုးမင်းနွယ်များထဲတွင် ၎င်းနှင့် အလွန်ခင်မင်ရင်းနှီးသည့် နယ်သာလန်ဘုရင့်မိဖုရားဟောင်း မင်းသမီး ဘီးထရစ်နှင့် ၎င်း၏ချွေးမတော် မင်းသမီး မာဘယ်တို့လည်း ပါဝင်သည်။

ကိုဖီအာနန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး အာဖရိကတိုက် ဆာဟာရဒေသခွဲမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ပထမဆုံး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကိုဖီအာနန်သည် ဩဂုတ် ၁၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံရှိ ၎င်း၏နေအိမ်တွင် အချိန်အနည်းငယ်ကြာ နာမကျန်းဖြစ်ကာ ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက်(၈၀)ရှိပြီဖြစ်သည်။

**အေအက်ဖ်ပီ**

## မြောက်ကိုရီးယားအလုပ်သမားများအား နေရပ်သို့ ပြန်လွှတ်ခြင်းမပြုရန် ရုရှားသို့ တောင်းဆို

**ပြုံယမ်း စက်တင်ဘာ ၁၃**
ကုလသမဂ္ဂအဖွဲ့ကချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုဖိအားများကြောင့် ရုရှားနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသည့် မြောက်ကိုရီးယားနိုင်ငံသားများအား နေရပ်သို့ပြန်လွှတ်ခြင်းမပြုပါရန် မြောက်ကိုရီးယားတာဝန်ရှိသူတစ်ဦးက ရုရှားအရှေ့ဖျားဒေသအုပ်ချုပ်ရေးမှူးအား အကူအညီတောင်းခံခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားစီးပွားရေးဝန်ကြီး ကင်ယောင်ဂျေးသည် အရှေ့ဒေသ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့သို့ရောက်ရှိနေစဉ် ဝန်ကြီး ကင်ယောင်ဂျေးက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့ရှိ ပရီမိုရီနယ်မြေ ယာယီအုပ်ချုပ်ရေးမှူး အန်ဒရီတာရာဆန်ကိုနှင့် စက်တင်ဘာ ၁၃ ရက်က တွေ့ဆုံခဲ့သည်။

၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင် ရုရှားနိုင်ငံအတွင်း တရားဝင်အလုပ်လုပ်လျက်ရှိသော မြောက်ကိုရီးယား အလုပ်သမားအရေအတွက်သည် ၃၀၀၀၀ နီးပါးရှိကြောင်း သိရသည်။ ၂၀၁၇ ခုနှစ်တွင် မြောက်ကိုရီးယားအလုပ်သမား ၁၀၀၀၀ ခန့်ကို ရုရှားနိုင်ငံ အရှေ့ဖျားဒေသသို့ အလုပ်လုပ်ကိုင်ရန် စေလွှတ်ခဲ့သည်။

ပြီးခဲ့သော ဒီဇင်ဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားအလုပ်သမားများအား နှစ်နှစ်အတွင်း ၎င်းတို့နေရပ်သို့ ပြန်လည်ပို့ဆောင်ကြရန် နိုင်ငံတကာအားတိုက်တွန်းသည့် ဖြေရှင်းချက်တစ်ရပ် ချမှတ်ခဲ့သည်။ ယင်းသို့ချမှတ်ခြင်းမှာ မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားငွေရရှိမှုကို လျော့ကျစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

မြောက်ကိုရီးယားစီးပွားရေးဝန်ကြီး ကင်ယောင်ဂျေးက ယခုကဲ့သို့ အကူအညီတောင်းခံမှု မပြုပါက ရုရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား ပြန်လည်ပို့ဆောင်လိမ့်မည်ဖြစ်ကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။ ရုရှားအုပ်ချုပ်ရေးမှူးက ယင်းကိစ္စနှင့်ပတ်သက်ပြီး ရုရှားအစိုးရအား အစီရင်ခံတင်ပြထားပြီးဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ကုလသမဂ္ဂဖြေရှင်းချက်များအား ဖောက်ဖျက်ခြင်းမရှိသည့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် ရုရှားအုပ်ချုပ်ရေးမှူးအား ပြောကြားခဲ့သည်။ အခြားသော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင် ရုရှားနိုင်ငံ၌ မြောက်ကိုရီးယား ကုန်စည်ပြပွဲကျင်းပရန် စီစဉ်ထားရှိမှုနှင့် မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့် ရုရှားခရီးသည် အရေအတွက် တိုးတက်လာစေရန် လုပ်ဆောင်ကြမည့် လုပ်ငန်းစဉ်များ ပါဝင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားနှင့်ဂျပန် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရေး ဆွေးနွေးပွဲများစတင်ရန် အသင့်ရှိဟု သမ္မတပူတင်ပြော

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၃**
ကြိုတင်စည်းကမ်းကန့်သတ်ချက် မထားရှိဘဲ ယခုနှစ်ကုန်နောက်ဆုံးထား၍ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန် ရုရှားသမ္မတ ဗလာဒီမာ ပူတင်၏ အဆိုပြုချက်အတိုင်း ဂျပန်နှင့် ဆွေးနွေးပွဲများစတင်ရန် အသင့်ရှိကြောင်း ရုရှားအစိုးရက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားလိုက်သည်။

ဗလာဒီဗော့စတော့မြို့၌ ကျင်းပလျက်ရှိသော အရှေ့ဒေသစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မိန့်ခွန်းပြောကြားပြီးနောက် သမ္မတပူတင်က ယင်းကဲ့သို့ အဆိုပြုခြင်းဖြစ်သည်။

ရုရှားနှင့် ဂျပန်တို့အနေဖြင့် သဘောထားကွဲလွဲနေသည့် အရေးကိစ္စအားလုံးကို ဆက်လက်ဖြေရှင်းသွားမည် ဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

နှစ်နိုင်ငံအကြား ဖြစ်ပေါ်နေသော ပြဿနာတစ်ခုမှာ မြောက်ပိုင်းပိုင်နက်နယ်မြေများဟု ခေါ်တွင်သော အရေးကိစ္စဖြစ်သည်။ ယင်းဒေသ၌ ကျွန်းလေးကျွန်းကို ရုရှားက ထိန်းချုပ်ထားပြီး ဂျပန်က ၎င်းပိုင်ကျွန်းများ ဖြစ်သည်ဟု ဆိုသည်။ အစဉ်အဆက် မိမိပိုင်နက်နယ်မြေအတွင်းတည်ရှိသော ကျွန်းများဖြစ်သည်ဟု ဂျပန်က ယင်း၏သဘောထားရပ်တည်ချက်ကို ကိုင်စွဲထားသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ကျွန်းများ မတရားသိမ်းပိုက်ခံခဲ့ရကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

ရုရှားနိုင်ငံသည် ဂျပန်သံတမန်များနှင့် ဆွေးနွေးမှုကို မကြာမီစတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အီဂေါမော်ဂူလော့ဗ်က ပြောကြားသည်။

ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်အပြီး နှစ်ပေါင်း ၇၀ ကျော်မျှ ပိုင်နက်နယ်မြေအငြင်းပွားနေမှုကြောင့် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခြင်း မရှိခဲ့ကြပေ။

**အင်န်အိတ်ချ်ကေ**

## နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲကျင်းပရန် အမေရိကန်၏ကမ်းလှမ်းချက် တရုတ်ကြိုဆို

**ပေကျင်း စက်တင်ဘာ ၁၃**
နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲကျင်းပရန် အမေရိကန်ပြည်ထောင်စု၏ ကမ်းလှမ်းချက်ကို တရုတ်နိုင်ငံက စက်တင်ဘာ ၁၃ ရက်တွင် ကြိုဆိုလိုက်ကြောင်း၊ ယခုကဲ့သို့ ကုန်သွယ်ရေးဆွေးနွေးပွဲကျင်းပနိုင်ခြင်းဖြင့် ကမ္ဘာ့အင်အားအကြီးဆုံး စီးပွားရေးတည်ရာ အဆိုပါနှစ်နိုင်ငံအနေဖြင့် မီးကုန်ယမ်းကုန် တိုက်ခိုက်ကြမည့် ကုန်သွယ်ရေးစစ်ပွဲကြီး ပေါ်ပေါက်လာခြင်းမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေးအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်စားချေတိုက်ခိုက်မှုကို လပေါင်းအတန်ကြာမျှ ပြုလုပ်လာခဲ့ကြပြီးနောက် ကုန်သွယ်ရေးဆွေးနွေးပွဲပြုလုပ်ကြရန် ဦးတည်လာကြခြင်းဖြစ်သည်။ ကုန်သွယ်ရေးကိစ္စရပ်နှင့်ပတ်သက်၍ နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုပြုလုပ်နိုင်ရန် တရုတ်အစိုးရတာဝန်ရှိသူများကို ဖိတ်ခေါ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်အမ်နူချင်က စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးပဋိပက္ခကြီးထွားလာခြင်းသည် တရုတ်နိုင်ငံအတွက်ရော၊ အမေရိကန်ပြည်ထောင်စုအတွက်ပါ အကျိုးယုတ်စေနိုင်သည်ဟု မိမိတို့ယုံကြည်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကောင်ဖန်းက ပုံမှန်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

ကုန်သွယ်ရေး ဆွေးနွေးပွဲပြုလုပ်ရန် အမေရိကန်၏ဖိတ်ကြားချက်ကို မိမိတို့ လက်ခံရရှိခဲ့ကြောင်း၊ ယင်းကမ်းလှမ်းချက်အတွက် မိမိတို့က ကြိုဆိုပါကြောင်း၊ ဆွေးနွေးပွဲပြုလုပ်နိုင်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများ ဆောင်ရွက်ညှိနှိုင်းနေဆဲဖြစ်ကြောင်း ကောင်ဖန်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံမှ တင်သွင်းသော ဒေါ်လာ ဘီလီယံ ၅၀၀ တန်ဖိုးရှိ ကုန်ပစ္စည်းများအပေါ် ကုန်သွယ်စည်းကြပ်ခွန် တိုးမြှင့်ကောက်ယူမည်ဟု သမ္မတ ဒေါ်နယ်ထရန့်က ခြိမ်းခြောက်ပြောဆိုအပြီး ရက်သတ္တတစ်ပတ်ပင် မရှိသေးချိန်တွင် အမေရိကန်၏ ကမ်းလှမ်းချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

# စပါးဂိုးသမား ဟူဂိုလိုးရစ် ဒဏ်ရာပြဿနာကြောင့် သီတင်းပတ်ပေါင်းများစွာ အနားယူရမည်

စပါးအသင်းဂိုးသမား ဟူဂိုလိုးရစ်သည် ပေါင်ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းကြောင့် သီတင်းပတ်ပေါင်းများစွာအနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ်ရှိ စပါးအသင်းဂိုးသမား ဟူဂိုလိုးရစ်သည် စက်တင်ဘာ ၂ ရက်က ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် လွဲချော်ခဲ့သည့်အပြင် နိုင်ငံတကာပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်နှစ်ပွဲစလုံးကိုလည်း လွဲချော်ခဲ့ရသည်။

ထို့အပြင် အရက်သေစာသောက်စား၍ ကားမောင်းခဲ့ခြင်းကြောင့်လည်း လပေါင်း ၂၀ ကြာ ကားမောင်းခြင်းကို တားမြစ်ခံခဲ့ရသည့်အပြင် ဒဏ်ငွေအဖြစ် ပေါင် ၅၀၀၀၀ လည်း ဒဏ်ရိုက်ခံခဲ့ရကြောင်း သိရသည်။

စပါးအသင်းဂိုးသမား ဒဏ်ရာပြဿနာကြောင့် လာမည့်ပွဲစဉ်များတွင် လွဲချော်ရမည့်အပြင် ကွင်းလယ်ကစားသမား ဒီလီအလီသည်လည်း တံကောက်ကြောဒဏ်ရာကြောင့် စနေနေ့တွင် ယှဉ်ပြိုင်ကစားမည့် လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် စပါးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့် ၅ နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

# အေစီမီလန်အသင်းက ရမ်ဆေးအား ခေါ်ယူလိုသော်လည်း အာဆင်နယ်အသင်းနှင့်အတူ စာချုပ်သစ်ချုပ်ဆိုမည်ဟု ရမ်ဆေးဆို

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ရမ်ဆေးအနေဖြင့် အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ရမ်ဆေးသည် ၂၀၀၈ ခုနှစ်က ကာဒစ်စီးတီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် အာဆင်နယ်အသင်းနှင့်အတူ ဆယ်စုနှစ်တစ်စုကြာ ပါဝင်ကစားပေးနိုင်ခဲ့သူ ဖြစ်သည်။

အာဆင်နယ်အသင်းတွင် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး အာဆင်နယ်အသင်း အမှုဆောင်အရာရှိချုပ် ဂါဇီဒစ်က ရမ်ဆေးအား နောက်ထပ်တစ်နှစ်အထိ သက်တမ်းတိုးရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်

# နိုင်ပွဲပြန်ရဖို့ ခက်ခက်ခဲခဲ ရုန်းကန်ရဦးမယ့် နာပိုလီ

ရှိုင်းမင်းမင်း

## ၂၀၁၈-၁၉ စီးရီးအေရင်ခုန်သံ - ၄

အီတလီစီးရီးအေပွဲစဉ် ၄ ကိုတော့ လာမယ့်စက်တင်ဘာ ၁၅၊ ၁၆၊ ၁၇၊ ၁၈ ရက်နေ့တွေမှာ ကစားသွားမှာဖြစ်ပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ နာပိုလီက ဖီအိုရင်တီးနားနဲ့ရင်ဆိုင်သွားရမှာဖြစ်ပါတယ်။ နာပိုလီအနေနဲ့ ပွဲစဉ် ၃ မှာလည်း ဆမ်ဒိုးရီးယားကို အရေးနိမ့်ခဲ့ရပြီး နိုင်ပွဲပြန်လည်ရှာဖွေနိုင်ပါ့မလား စောင့်ကြည့်ရဖို့ရှိနေပါတယ်။

## အင်တာ - ပါးမား — ည ၇:၃၀၊ ၁၅-၉-၁၈

ပါးမားက ဂျူဗင်တပ်ကိုအရေးနိမ့်ခဲ့ပေမယ့်လည်း အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အခုပွဲက အဝေးကွင်းဖြစ်နေတာကိုတော့သတိပြုရပါလိမ့်မယ်။ အထူးသဖြင့် အင်တာက သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရထားသေးတာကြောင့် အခုလိုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရဖို့ ဂရုတစိုက်ကစားသွားဖို့ရှိနေပါတယ်။ အင်တာရဲ့ခံစစ်ပိုင်းက အနည်းငယ်အားနည်းတယ်ဆိုပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ ဘိုလော့နာနဲ့ပွဲစဉ်မှာ ကစားပုံကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ အင်တာမီလန်ကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

## နာပိုလီ - ဖီအိုရင်တီးနား — ည ၁၀:၃၀၊ ၁၅-၉-၁၈

နာပိုလီက ဒီရာသီမှာ ခြေစွမ်းပိုင်းအတော်လေး ကောင်းမွန်နေပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ဆမ်ဒိုးရီးယားကို အရေးနိမ့်ခဲ့ရပေမယ့်လည်း အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ခြေစွမ်းပိုင်းက ပိုမိုထက်မြက်တတ်တာကို သတိပြုရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဆမ်ဒိုးရီးယားကို အရေးနိမ့်ခဲ့ရတာကြောင့်လည်း နာပိုလီတို့ ပိုမိုအားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဖီအိုရင်တီးနားကတော့ အသင်းကောင်းတစ်သင်းဖြစ်ပေမယ့် တိုက်စစ်ပိုင်း အားနည်းမှုအချို့ရှိနေတယ်။ နာပိုလီပဲ အိမ်ကွင်းမှာနိုင်ပွဲရမယ်။

## ဖရိုစီနိုနီ - ဆမ်ဒိုးရီးယား — နံနက် ၁:၀၀၊ ၁၆-၉-၁၈

နာပိုလီကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲမှာ ဆမ်ဒိုးရီးယားရဲ့ခြေစွမ်းပိုင်းကောင်းမွန်လွန်းခဲ့ပါတယ်။ တိုက်စစ်၊ ခံစစ်ဟန်ချက်ညီမျှခဲ့သလို ကွင်းလယ်ပိုင်းလည်း တည်ငြိမ်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် ဆမ်ဒိုးရီးယားဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင်တော့ ခြေစွမ်းပိုင်းကျဆင်းတတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာလည်း ဖရိုစီနိုနီက နိုင်ပွဲမရသေးတဲ့အတွက် အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်ကစားလာမယ်ဆိုရင် ဆမ်ဒိုးရီးယားတို့ အခက်တွေ့နိုင်ပါတယ်။ ဆမ်ဒိုးရီးယား နိုင်ပွဲရခဲ့ရင်တောင်မှ ဂိုးပြတ်ဖို့ခက်တယ်။

## ရိုးမား - ချီယေဗို — ညနေ ၅:၀၀၊ ၁၆-၉-၁၈

ရိုးမား ခြေစွမ်းပိုင်း အနည်းငယ်အားနည်းနေပါတယ်။ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ခဲ့ပြီးတဲ့နောက် နှစ်ပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့ရပြီး အတ္တလန္တာနဲ့ သရေကျကာ အေစီမီလန်ကို အရေးနိမ့်ခဲ့ရပါတယ်။ တိုက်စစ်ပိုင်း စွမ်းဆောင်ရည်ကောင်းမွန်ပေမယ့်လည်း ခံစစ်ပိုင်းကတော့ နောက်ဆုံးနှစ်ပွဲမှာ ငါးဂိုးအထိပေးခဲ့ရတာကိုကြည့်ရင် ခံစစ်ပိုင်းအားနည်းမှုက ပေါ်လွင်နေပါတယ်။ ဒါပေမယ့် ရိုးမားဟာနှစ်ပွဲဆက်အနိုင်မရခဲ့လို့လည်း ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရဖို့အားစိုက်ကစားလာမှာဖြစ်သလို ချီယေဗိုရဲ့ ခြေစွမ်းကလည်းသာမန်သာရှိပါတယ်။ ဒါကြောင့်လည်း ရိုးမားတို့အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

## ဂျီနိုအာ - ဘိုလော့နာ — ည ၇:၃၀၊ ၁၆-၉-၁၈

သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရခဲ့ဘဲ နှစ်ပွဲအထိအရေးနိမ့်ခဲ့ရတဲ့ ဘိုလော့နာခြေစွမ်းပိုင်းကအားနည်းလွန်းတယ်။ အထူးသဖြင့် အဆိုပါ သုံးပွဲမှာတစ်ဂိုးမှ မသွင်းနိုင်ခဲ့တဲ့ တိုက်စစ်ပိုင်းက အားနည်းလွန်းပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေပါတယ်။ ဒ့ါအပြင် ဂျီနိုအာက အိမ်ကွင်းပွဲစဉ်တွေမှာ ရုန်းအားပိုမိုကောင်းမွန်တတ်သလို လက်ရှိခြေစွမ်းလည်း မဆိုးပါဘူး။ အိမ်ကွင်းမှာ ဂျီနိုအာကသာ နိုင်ပွဲရမယ်။

## ဂျူဗင်တပ် - ဆာစူအိုလို — ည ၇:၃၀၊ ၁၆-၉-၁၈

ဂျူဗင်တပ်တို့ ကစားပြီးသမျှပွဲတိုင်း အနိုင်ရထားပါတယ်။ စီရော်နယ်လ်ဒိုဂိုးမသွင်းနိုင်သေးသလို ခံစစ်ပိုင်းကစားပုံကလည်း အနည်းငယ်တည်ငြိမ်မှုမဲ့နေပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်က တည်ငြိမ်မှုရှိသလို တိုက်စစ်ရဲ့ အုပ်စုဖွဲ့ကစားပုံကလည်း ထက်မြက်မှုရှိပါတယ်။ အထူးသဖြင့် အိမ်ကွင်းဖြစ်နေတာကြောင့် ဂျူဗင်တပ်အမှားခံမှာမဟုတ်ပါဘူး။ ဆာစူအိုလိုက ခြေစွမ်းပိုင်းမဆိုးပေမယ့် ဂျူဗင်တပ်ပဲနိုင်ပွဲရမယ်။

## အူဒီးနီးစ် - တိုရီနို — ည ၇:၃၀၊ ၁၆-၉-၁၈

တိုရီနိုခြေစွမ်းမဆိုးဘူး။ သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာ အနိုင်ရခဲ့ပေမယ့် အနိုင်မရခဲ့တဲ့နှစ်ပွဲက အင်တာ၊ ရိုးမားတို့လိုအသင်းတွေနဲ့ပွဲတွေဖြစ်နေပါတယ်။ ဒီလိုတစ်ပွဲသာနိုင်သေးတဲ့အတွက်ကြောင့်လည်း တိုရီနိုတို့ ဒီပွဲမှာပါ အားစိုက်ကစားလာဦးမှာပါ။ အူဒီးနီးစ်ကတော့ အိမ်ကွင်းဖြစ်ပေမယ့် တိုက်စစ်ကစားပုံအားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ တိုရီနိုတို့ အူဒီးနီးစ်ကို ထိန်းချုပ်နိုင်ဖို့ရှိနေပြီး အနိမ့်ဆုံးသရေလောက်ရမယ်။

## အမ်ပိုလီ - လာဇီယို — ည ၁၀:၃၀၊ ၁၆-၉-၁၈

လာဇီယိုတို့ သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာ အနိုင်ရသေးတယ်ဆိုပေမယ့် အနိုင်မရခဲ့တဲ့နှစ်ပွဲက ဂျူဗင်တပ်၊ နာပိုလီတို့လိုအသင်းတွေကို ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒ့ါအပြင် လာဇီယိုရဲ့တိုက်စစ်က ထိုးဖောက်ကစားပုံတည်ငြိမ်သော်လည်း အဆုံးသတ်ပိုင်းအားနည်း၍တစ်ပွဲသာအနိုင်ရသေးတာကြောင့် အားစိုက်ကစားလာရင် ထက်မြက်မှုရှိလာနိုင်ပါတယ်။ အမ်ပိုလီကလည်း အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်း သာမန်ပဲရှိတာကြောင့် လာဇီယိုတို့ နိုင်ပွဲ ကပ်ရနိုင်ပါတယ်။

## ကယ်ဂလီယာရီ - အေစီမီလန် — နံနက် ၁:၀၀၊ ၁၇-၉-၁၈

အေစီမီလန်က ခြေစွမ်းပိုင်း တည်ငြိမ်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရထားပေမယ့် အနိုင်ရခဲ့တဲ့အသင်းက ရိုးမားလိုအသင်းကြီးတစ်သင်းဖြစ်ပြီး နာပိုလီကို အရေးနိမ့်ခဲ့ရတဲ့ပွဲမှာလည်း အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ကာ နှစ်ဂိုး - သုံးဂိုးနဲ့သာ ကပ်ရှုံးခဲ့တာဖြစ်ပါတယ်။ ဒီပွဲကလည်း အဝေးကွင်းဖြစ်နေပေမယ့် ကယ်ဂလီယာရီ ခြေကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း အေစီမီလန်တို့ အခွင့်အရေးရနေကာ နိုင်ပွဲလည်းရရှိသွားနိုင်မှာပါ။

## SPAL - အတ္တလန္တာ — နံနက် ၁:၀၀၊ ၁၈-၉-၁၈

အတ္တလန္တာခြေက ကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာ သုံးပွဲကစားပြီး တစ်ပွဲသာအနိုင်ရသေးတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမယ့်အချက်လည်း ရှိနေပါတယ်။ ဒါပေမယ့် SPAL ကလည်း ခြေစွမ်းပိုင်းကောင်းမွန်မှုရှိကာ သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲအထိ အနိုင်ရယူနိုင်ခဲ့သလို ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာဖို့ရှိနေတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အတ္တလန္တာတို့အနည်းငယ်အခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရမယ်။

# သရုပ်ဆောင် အောင်ရဲထွေး သေဆုံးခဲ့ရသည့်အမှုကိစ္စ ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၃၄/၂၀၁၈၊ တရားလို ဦးသန့်ဇင်ဦးက တရားခံ သန်းထွဋ်အောင်(ခ) သားကြီးပါ သုံးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ စွဲဆိုထားသည့် သရုပ်ဆောင် အောင်ရဲထွေး သေဆုံးခဲ့ရသည့် အမှုကိစ္စနှင့်ပတ်သက်၍ ဇူလိုင် ၂၅ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ တရားခံများအပေါ် စွဲဆိုထားသည့် ပြစ်မှုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ကျော်စောသတင်းအဖြစ် သတ်မှတ်ခဲ့သည်။

ကျော်စောသတင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၃၄/၂၀၁၈ အား ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုသည့်ကိစ္စတွင် တရားလိုပြသက်သေများကို တမင်ပေါ့လျော့စွာ စစ်ဆေးပြီး တရားခံများ ပြစ်မှုကျူးလွန်ကြောင်း တရားလိုပြ သက်သေများက ထွက်ဆိုနိုင်ခြင်းမရှိဆိုသည့် အခြေအနေဖြစ်ပေါ်အောင်ဖန်တီးကာ တရားခံများ၏ မိဘများထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်များ ရယူခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးမှ ဒုတိယခရိုင် ဥပဒေအရာရှိ ဒေါ်သစ်သစ်ခင်၊ ဒေါ်သစ်သစ်ခင်၏ တင်ပြချက်ကို ဆက်လက်စိစစ်ရာတွင် သေချာစွာစိစစ်ခြင်းမပြုဘဲ တရားခံ သန်းထွဋ်အောင်၏ဖခင် ဦးခင်မောင်လေးထံမှ လာဘ်ငွေနှင့်တံစိုးလက်ဆောင်များ ရယူကာ ထောက်ခံတင်ပြခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေအရာရှိ ဦးကိုကိုလေး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေအရာရှိ ဦးသိန်းဇော်တို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ဒေါ်သစ်သစ်ခင်မှစတင်၍ အဆင့်ဆင့် စိစစ်တင်ပြလာသည့် အမှုရုပ်သိမ်းခွင့်ကို သုံးသပ်ဆုံးဖြတ်မိန့်ချမှတ်ရာတွင် ပြည့်စုံစွာ သုံးသပ်ခြင်းမပြုဘဲ တရားခံ သန်းထွဋ်အောင်၏ဖခင် ဦးခင်မောင်လေးထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်များရယူကာ အမှုရုပ်သိမ်းခွင့်ချမှတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ဒေါ်သစ်သစ်ခင်က တင်ပြလာသည့် အမှုရုပ်သိမ်းခွင့်ကို သုံးသပ်ဆုံးဖြတ်ရာတွင် တရားခံ သန်းထွဋ်အောင်၏ ဖခင် ဦးခင်မောင်လေးထံမှ လာဘ်ငွေရယူကာ အမှုကို ပြည့်စုံစွာ သုံးသပ်ခြင်းမပြုဘဲ အမှုရုပ်သိမ်းခွင့်ပြုပြီး တရားခံများကို တရားရှင်လွှတ်ခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ ဒုတိယခရိုင် တရားသူကြီး ဦးအောင်ကြည်အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ အမှုစစ်အဖြစ် ဆောင်ရွက်ရာ၌ ရဲလုပ်ငန်းကုန်စင်အောင် ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် မိမိ၏ ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီး တစ်စုံတစ်ရာကို ပြုလုပ်ရန်အတွက် တရားခံ သန်းထွဋ်အောင်၏ ဖခင်ထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့သည့် ရဲအုပ် ချစ်ကိုကိုအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း အရေးယူဆောင်ရွက်ရန် သုဝဏ္ဏနယ်မြေရဲစခန်းတွင် ယနေ့တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ကြောင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

၅၄ နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကြီး ခွန်မြတ်လင်း ဦးစီးသော တပ်ဖွဲ့ဝင် ၅၅ ဦး၊ မိသားစုဝင် ၁၀ ဦးတို့ စက်တင်ဘာ ၁၀ ရက်တွင် မိတ္ထီလာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းစဉ်။

မင်းမင်းလတ် (ရုပ်ဗေဒ)

# ပါမောက္ခသိန်း၏ သမီးလေး ဆုသို့ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးသူ ပါမောက္ခသိန်း၏ သမီးလေး ဆုသို့ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ စာအုပ်တွင် ဝမ်းသာဂုဏ်ယူပါတယ် သမီးလေးဆု၊ တော်လှန်ရေးကောင်စီခေတ်ကာလ ဦးတို့ရဲ့ ကျောင်းသားဘဝ၊ ဆရာငယ်ဘဝနဲ့ ကြုံဆုံခဲ့ရ ၈၈ အရေးအခင်းကာလ ၊ စစ်အုပ်ချုပ်ရေးကာလ ဆေး (၁) ဆရာဘဝ၊ ကြုံတောင့်ကြုံခဲ ဆင်နွှဲခဲ့ရသည့် ယူကေ တော်ဝင် ဘွဲ့နှင်းပွဲ၊ လက်ဆင့်ကမ်းနေ ဆေးလောက အမွေ၊ သမီးတို့ခေတ်မှာ ဖြစ်လာတဲ့ ဆေး (၁) ရဲ့ မိသားစုပျော်ပွဲရွှင်ပွဲ၊ မမေ့အပ်သော အရပ်ဒေသတစ်ခု၊ အနှစ် (၉၀) နဝရတ်ရတုပြည့်ခဲ့တဲ့ အမိဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ကုသိုလ်ဖြစ်သွားခဲ့သည့် ဆေးကုခရီး ချရယ်တီ (Charity) ဟူ၍ ခေါင်းစဉ် ၁၀ ခုကို သမီးလေးဆုသို့ ပေးစာပုံစံဖြင့် ခပ်သွက်သွက်ရေးဖွဲ့ထားသော ဖတ်စရာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို Myanmar Book Centre အမှတ် (၅၅)၊ ဗဟိုလမ်း၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း (၉၅၁)၂၁၂၄၀၉၊ (၉၅၉) ၇၃၁၄၇၇၃၂ တို့မှ တစ်အုပ်လျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရသည်။

**ကြေးမုံ**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၈)ထုတ်ဝေဖြန့်ချိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဍာန် အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ (၁၅)၊ အမှတ်(၁၈)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၁၅-၉-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊အမှတ်(၁၈)တွင် မျှော်လင့်ချက်ဖြင့် ရှင်သန်နေရသည့် ရော်ဘာစိုက်တောင်သူများဘဝ၊ မြန်မာ့ဆန်စပါး စံချိန်စံညွှန်းနှင့် အရည်အသွေးပြောင်းလဲဖို့လိုပြီ အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ကျွဲ၊ နွားများအတွက် သတိထားစရာ သည်းကြီးရင်ကား ရောဂါဆောင်းပါး အပါအဝင် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးနှင့် မကူးစက်တတ်သော ရောဂါများ ကာကွယ်ရေး ပိုမိုထိရောက်စွာ ဆောင်ရွက်ပေး အပါအဝင် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတ၊ ရသစုံလင်စွာ ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၉၉ စီး၊ သွင်းကုန် ၇၂၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၁၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄၀၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၉၂၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က TOYOTA Alphard ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ပိတောက်ခွဲသားရွေ ၁ ဒသမ ၁၁၆၂ တန်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့်ယာဉ်(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၃၄၈ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးကိုနီ လုပ်ကြံခံရမှု၌ ဦးအောင်ဝင်းထွန်းအား စစ်ဆေးမှုပြီးဆုံး၍ သက်သေများ ဆက်လက်စစ်ဆေးမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ) ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း (၇၅) ချိန်းမြောက်အဖြစ် ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့သည်။

လူသတ်မှုတွင် စတုတ္ထမြောက် စွပ်စွဲခံထားရသူ ဦးအောင်ဝင်းထွန်းအား နှစ်ဖက်အကျိုးဆောင်ရှေ့နေများက အပြန်အလှန်စစ်မေးခြင်းများ ပြီးဆုံးသွားသည့်အတွက် တရားခံပြသက်သေ လေးဦးကို မနက်ဖြန်ရုံးချိန်း၌ စစ်ဆေးမှုပြုလုပ်ရန် ချိန်းဆိုထားကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ(ယာယီ) ဒုတိယခရိုင်တရားသူကြီး-၅ ဦးမောင်မောင်အေးက "ဒီကနေ့ မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးကနေ စစ်ဆေးစီရင်နေတဲ့ ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုကနေ စွပ်စွဲခံတစ်ဦးဖြစ်တဲ့ အောင်ဝင်းထွန်းကို စစ်မေးပါတယ်။ ၎င်းကို စစ်မေးခြင်း ပြီးဆုံးသွားတဲ့အတွက် မနက်ဖြန်သောကြာနေ့ ရုံးချိန်းမှာ တစ်တရားခံ ကြည်လင်း(ခ) ဖိုးထူးရဲ့ တရားခံပြသက်သေလေးဦး ခေါ်လာနိုင်ဖို့ အထူးတရားခုံရုံးက မှာကြားလိုက်တာပဲ ရှိပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် ဥပဒေ

**မောင်စာဂ**

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၏ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း ၅၀ ခန့်သာလိုတော့သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေ ၇၀ ရာခိုင်နှုန်းကျော် ပြီးမြောက်နေပြီ။

ယခုအချိန်ကာလတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ် ၁၃ နေရာအတွက် မဲရုံပေါင်း ၁၃၈၃ ရုံကို သတ်မှတ်ထားသည်။ မဲရုံများတွင် ကြီးကြပ်ဆောင်ရွက်ရန် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို ၂၄-၉-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ ခန့်အပ်သွားကြရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ညွှန်ကြားထားသည်။ ၁-၁၀-၂၀၁၈ ရက်နေ့မှစ၍ ၁၀-၁၀-၂၀၁၈ ရက်နေ့အတွင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက သင်တန်းများပို့ချသွားမည်။

ဤတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို မည်သို့ခန့်ထားသနည်း။ ၎င်းတို့၏ တာဝန်များကား အဘယ်နည်း။ ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

## ခန့်ထားခြင်း

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သူများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်သည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူ ယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ယင်းမဲဆန္ဒနယ်မြေအတွင်းရှိ ဒေသခံပြည်သူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သည်။

မဲရုံအဖွဲ့ဝင်အရေအတွက် မည်မျှဖွဲ့စည်းရမည်ကို မဲဆန္ဒရှင်ဦးရေအပေါ်မူတည်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပေးသောဦးရေအတွင်း ဖွဲ့စည်းရသည်။ အဖွဲ့ဝင်များထဲမှ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေး၊ မဲပေးပြီးကြောင်း မင်တို့ပေးသူဟူ၍ သီးခြားစီ တာဝန်များ ခွဲဝေသတ်မှတ်ပေးသည်။ မဲရုံတစ်ရုံစီတွင် မဲရုံအဖွဲ့ဝင်အရေအတွက် မတူညီပါ။ မဲဆန္ဒရှင်များလျှင် မဲရုံအဖွဲ့ဝင် အရေအတွက်ပိုများသည်။

## မဲရုံမှူး၏ တာဝန်များ

(က) မဲရုံတွင်အသုံးပြုမည့်မဲပုံး၊ မဲစာရင်းမှစ၍ လိုအပ်သည့်ပစ္စည်းကိရိယာ အသုံးအဆောင်များ၊ ဖြည့်သွင်းရေးသားရမည့် ပုံစံစာရွက်စာတမ်းများ ပြည့်ပြည့်စုံစုံ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) မဲရုံဖွင့်ချိန် နံနက် ၆ နာရီမထိုးမီ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲက လာရောက်ပေးပို့သော ကြိုတင်မဲစာရင်းပုံစံ (၁၃) နှင့် မဲစာရင်းပုံစံ (၁)၊ (၁-က) တို့ကို စနစ်တကျ လက်ခံရယူရမည်။

(ဂ) မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၏ ခန့်စာကို ကိုယ်တိုင်ရယူသိမ်းဆည်းထားရမည်။

(ဃ) မဲဆန္ဒရှင်များ၏ အခြေအနေကို ချင့်ချိန်၍ ဆန္ဒမဲလက်မှတ်များတွင် ကြိုတင်လက်မှတ် ရေးထိုးထားရမည်။ မဲရုံမှူးလက်မှတ်မပါက ပယ်မဲဖြစ်သွားမည်။

(င) နံနက် ၆ နာရီထိုးသည်နှင့် မဲရုံကိုဖွင့်၍ ညနေ ၄ နာရီထိုးသည်နှင့် မဲရုံကိုပိတ်ရမည်။ သို့သော် ညနေ ၄ နာရီမထိုးမီ မဲရုံပရဝဏ်အတွင်းသို့ ရောက်ရှိနေသူများအား စာရင်းကောက်ယူ၍ အားလုံးဆန္ဒမဲပေးပြီးသည် အထိ ဖွင့်လှစ်ထားရမည်။

(စ) ဆန္ဒမဲပေးသူများ မဲရုံအတွင်း စည်းကမ်းတကျ ဝင်ရောက်ရေး၊ လွတ်လပ်စွာနှင့် လျှို့ဝှက်စွာ ဆန္ဒမဲပေးနိုင်ရေး၊ စာမဖတ်တတ်သူများ၊ မသန်စွမ်းသူများအား သတ်မှတ်ထားသည့်အတိုင်း ကူညီဆောင်ရွက်ရေး၊ ဆန္ဒမဲပေးစဉ်တစ်လျှောက်လုံး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဖြစ်စေရေးတို့အတွက် စီမံကြပ်မတ် ဆောင်ရွက်ရမည်။

(ဆ) မဲရုံအတွင်း မဖွယ်မရာပြုသူများ၊ တာဝန်အရ ညွှန်ကြားသည်ကို မလိုက်နာသူများအား မဲရုံမှဖယ်ရှားရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူအား ဖမ်းဆီးစေရေးတို့အတွက် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူများအား ညွှန်ကြားရမည်။

(ဇ) မဲရုံဖွင့်ချိန်မှ မဲရုံပိတ်ချိန်အတွင်း မဲရုံအတွင်း ဆောင်ရွက်ချက်ဖြစ်စဉ်မှန်သမျှကို နောက်ဆက်တွဲပုံစံ 'ဃ' တွင် ရေးသွင်းမှတ်သားထားရမည်။

(ဈ) ဆန္ဒမဲများရေတွက်ခြင်း၊ ပယ်မဲသတ်မှတ်ခြင်း၊ ပုံစံများတွင် ဖြည့်သွင်းခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရန်ဆောင်ရွက်ခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်မှန်ကန်မှုရှိရမည်။

(ည) ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ကောင်းစွာသိရှိထားပြီး ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သောစီမံကြီးကြပ်မှုများ ပြုရမည်။

## ဒုတိယမဲရုံမှူး၏ တာဝန်များ

ဒုတိယမဲရုံမှူး၏ တာဝန်များကို ရွေးကောက်ပွဲများ မကျင်းပမီကာလ၊ မဲရုံမဖွင့်မီကာလ၊ မဲရုံဖွင့်လှစ်ထားစဉ်ကာလဟူ၍ အပိုင်းသုံးပိုင်းဖြင့် ဖော်ပြလိုသည်။

## ရွေးကောက်ပွဲမကျင်းပမီကာလ

မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ လုပ်ငန်းလမ်းညွှန်နှင့် လွှတ်တော် ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များပါ သိသင့်သိထိုက်သော အချက်အလက်များကို မဲရုံအဖွဲ့ဝင်များအား ရှင်းပြထားရခြင်း၊ တာဝန်ကျမည့် မဲရုံသို့သွားရောက်ရာတွင် မည်သည့်အချိန်၊ မည်သည့်နေရာ၌ ကြိုတင်တွေ့ဆုံကြမည်ကို မဲရုံအဖွဲ့ဝင်များနှင့် ညှိနှိုင်းထားခြင်းတို့ ဆောင်ရွက်ရမည်။

## မဲရုံမဖွင့်မီကာလ

(က) မဲရုံနှင့်သက်ဆိုင်သော မဲစာရင်းများ၊ မဲပုံးများ၊ ဆန္ဒပြုသည့် တံဆိပ်တုံးများ၊ ဆန္ဒမဲလက်မှတ် ရေတွက်စစ်ဆေးခြင်း ပုံစံ (၁၁)၊ မဲစာရင်းများပြင်ဆင်ခြင်း ပုံစံ (၁၂)၊ ကိုယ်စားလှယ်လောင်းများ ရရှိသောမဲစာရင်း ပုံစံ (၁၆) နှင့် (၁၆-က)၊ မသုံးဘဲကျန်နေသော မဲလက်မှတ်စာရင်း ပုံစံ (၁၆-၁)၊ ပယ်မဲစာရင်းပုံစံ (၁၇) နှင့် (၁၇-က) လုပ်ငန်းလမ်းညွှန် နောက်ဆက်တွဲပုံစံ (ခ) (ဂ) (ဃ)၊ မင်ခံခွက်၊ ချည်ကြိုး၊ ချိပ်တံဆိပ်နှင့် ချိပ်တောင့်၊ ဖယောင်းတိုင်၊ မီးခြစ်၊ မဲရုံအမှတ်စာတမ်း၊ ဘောပင်များ (အနက်နှင့် အပြာရောင်)၊ မဲလက်မှတ်များထည့်ရန် အိတ်များ (အိတ်သေး+အိတ်ကြီး)၊ ပေတံ၊ မဲလက်မှတ်များ ထည့်သွင်းရေတွက်ရန်ခွက်များ သို့မဟုတ် တောင်းများ၊ မဲပေးပြီးကြောင်း မင်တို့ရန် မင်အိုး၊ မင်ခွက်များ စသည်တို့ကို ရပ်ကျေးကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူထားရမည်။

(ခ) မဲလက်မှတ်စာအုပ်များရရှိပြီးနောက် အတွင်းလက်ခံဖြတ်ပိုင်းရှိ အမှတ်စဉ်များကို လိုအပ်သလို ရေးမှတ်ခြင်း၊ မဲစာရင်း၏စာမျက်နှာအမှတ်စဉ်နှင့် ရွက်ရေပြည့်စုံခြင်းရှိ-မရှိနှင့် မဲဆန္ဒရှင်အမှတ်စဉ်များ မှန်ကန်မှုရှိ-မရှိစစ်ဆေးခြင်း၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံအတွင်း ဝင်ခွင့်ရှိသောပုဂ္ဂိုလ်များအား သတ်မှတ်ထားသည့်အတိုင်း နေရာချထားပေးနိုင်ရန် စီစဉ်ခြင်း၊ မဲပုံးအလွတ်ကို မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များ အပါအဝင် မဲရုံ၌ရှိသူများအား ပြသပြီး လုံခြုံစွာပိတ်၍ မဲရုံအတွင်း သတ်မှတ်နေရာ၌ ထားရှိခြင်းနှင့် စာမတတ်သော မဲဆန္ဒရှင်များ လက်ဗွေနှိပ်ရန် မင်ခံခွက်နှင့် လက်သုတ်ရန်အဝတ်များ ထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

## မဲရုံဖွင့်လှစ်ထားစဉ်ကာလ

မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ အေးချမ်းစွာဖြင့် စည်းကမ်းတကျ ဝင်ခွင့်ပေးရန် စီမံဆောင်ရွက်ခြင်း၊ မဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိလျှင် ကူညီဆောင်ရွက်ပေးခြင်း၊ မဲဆန္ဒရှင်တစ်ဦးက မဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်သွားလျှင် သို့မဟုတ် ဆုတ်ဖြဲလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြခြင်း၊ မဲရုံလုံခြုံမှုအတွက် လိုအပ်သလို ကြည့်ရှုစစ်ဆေးခြင်း၊ မဲရုံမှူးမရှိသည့်အချိန်တွင် မဲရုံမှူး၏ တာဝန်များကို ထမ်းဆောင်ခြင်းတို့ ပြုရမည်။

## မဲစာရင်းစစ်ဆေးသူ၏ တာဝန်များ

(က) မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်မဲစာရင်း ဟုတ်-မဟုတ်၊ မဲစာရင်းပါစာမျက်နှာ၊ အမှတ်စဉ်နှင့် ရွက်ရေပြည့်စုံမှန်ကန်မှုရှိ-မရှိ၊ မဲစာရင်းပါ မဲဆန္ဒရှင် အမှတ်စဉ်များ မှန်ကန်မှုရှိ-မရှိ၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများစာရင်းကို မဲစာရင်းတွင် မှတ်သားထားပြီးဖြစ်-မဖြစ် သေချာစွာစစ်ဆေးရမည်။

(ခ) ဆန္ဒမဲလာရောက်ပေးသူများကို လိုအပ်သလို စိစစ်၍ ဆန္ဒမဲပေးခွင့်ပြုပါက မဲစာရင်းပုံစံ (၁) သို့မဟုတ် ပုံစံ (၁-က) တွင် လက်မှတ်ရေးထိုးစေရမည်။ လက်မှတ်မထိုးတတ်ပါက လက်ဝဲလက်မလက်ဗွေ နှိပ်စေရမည်။

(ဂ) မဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းပါအချက်များနှင့် မကိုက်ညီခဲ့လျှင် သို့မဟုတ် သူတစ်ပါးအယောင်ဆောင်၍ မဲလက်မှတ်လာရောက်တောင်းဆိုကြောင်း စိစစ်တွေ့ရှိလျှင် သို့မဟုတ် မဲဆန္ဒရှင်အမှန်မဟုတ်ဟု သံသယရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရမည်။

(ဃ) မဲဆန္ဒရှင်ကိုယ်စား အခြားသူတစ်ဦးက မဲလာရောက်ပေးခြင်းကို လုံးဝခွင့်မပြုရပါ။

(င) မဲစာရင်းစစ်ဆေးခြင်းလုပ်ငန်း ပြီးဆုံးပါက ထုတ်ယူထားသော မဲစာရင်းကို မဲရုံမှူးထံသို့ ပြန်လည်အပ်နှံပြီး နောက်ဆက်တွဲပုံစံ (ခ) ၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေရမည်။

(စ) မိမိ၏တာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရပါ။

## ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ တာဝန်များ

(က) မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် ဟုတ်-မဟုတ်၊ မဲလက်မှတ်စာအုပ်များတွင် ရွက်ရေပြည့်စုံမှန်ကန်မှုရှိ-မရှိ၊ မဲလက်မှတ်များတွင် မဲရုံမှူးလက်မှတ်ရေးထိုးထားခြင်းရှိ-မရှိ စစ်ဆေးရမည်။

(ခ) မဲလက်မှတ်တောင်းဆိုသူသည် မဲစာရင်းပါအမည်နှင့် အမှတ်စဉ်တို့ မှန်ကန်ပါက မဲလက်မှတ်၏ လက်ခံဖြတ်ပိုင်းတွင် လက်မှတ်ရေးထိုးစေပြီးနောက် မဲလက်မှတ်ကို ထုတ်ပေးရမည်။

(ဂ) စာမတတ်သည့်မဲဆန္ဒရှင်များ မဲလက်မှတ်လာရောက်တောင်းဆိုသည့်အခါ မဲစာရင်း၌ လက်ဗွေနှိပ်ရသဖြင့် လက်ကို အဝတ်ဖြင့်သုတ်စေရမည်။

(ဃ) မဲလက်မှတ် အပိုထုတ်မပေးမိစေရေးအတွက် အထူးသတိထားထုတ်ပေးရမည်။

(င) မူလကပင်အစွန်းထင်နေသော၊ စုတ်ပြဲနေသော မဲလက်မှတ်များကို ထုတ်မပေးရန်နှင့် တွေ့ရှိက မဲရုံမှူးထံ ချက်ချင်းတင်ပြရမည်။

(စ) ထုတ်ပေးပြီးသော မဲလက်မှတ်အရေအတွက်နှင့် လက်ကျန်မဲလက်မှတ်အရေအတွက်တို့ကို ကိုက်ညီမှုရှိ-မရှိ အခါအားလျော်စွာစစ်ဆေး၍ ကွဲလွဲချက်တွေ့ရှိက ချက်ချင်း မဲရုံမှူးထံ တင်ပြရမည်။

(ဆ) မဲရုံပိတ်သည့်အခါ မဲစာရင်းနှင့် လက်ကျန်မဲလက်မှတ်များကို စိစစ်၍ မဲရုံမှူးထံ အမြန်ပေးအပ်ရမည်။ နောက်ဆက်တွဲ ပုံစံ(ဂ)၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေပြီး မဲရုံမှူးထံ အပ်နှံရမည်။

(ဇ) မိမိ၏တာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်းမပြုရ။

## မဲရုံလုံခြုံရေး၏ တာဝန်များ

(က) မဲပုံးများကို သတ်မှတ်နေရာတွင် စနစ်တကျထားရှိခြင်းရှိ-မရှိနှင့် မဲပုံးများ၌ မဲလက်မှတ်ကိုလွယ်ကူစွာ ထည့်နိုင်သော အပေါက်ပြုလုပ်ထားခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ စနစ်တကျဝင်ထွက်နိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း မဲပေးခြင်းပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်နိုင်စွမ်းမရှိသည့် မဲဆန္ဒရှင်အား ဒုမဲရုံမှူးနှင့်အတူ ကူညီဆောင်ရွက်ခြင်းတို့ ပြုရမည်။

(ခ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲပုံးကိုယူဆောင်သွားလျှင် သို့မဟုတ် မဲပုံးအတွင်းရှိ လက်မှတ်များကို ပျက်စီးအောင်ပြုလျှင်၊ ဆန္ဒမဲလက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ထည့်ရန် ကြံရွယ်နေကြောင်းတွေ့ရှိလျှင် သို့မဟုတ် ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသက်သာဖွယ်ရာတွေ့ရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရမည်။

(ဂ) လွတ်လပ်စွာမဲပေးခြင်းကို ထိခိုက်မှုမရှိစေရန်၊ လေ့လာသူအဖွဲ့များအား စနစ်တကျရှိစေရန်နှင့် မဲပေးပြီးသူတို့ မင်တို့စေရန် ကြပ်မတ်ရမည်။

(ဃ) မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်းမပြုရပါ။

## မဲပေးပြီးကြောင်း မင်တို့သူ၏ တာဝန်များ

(က) မဲရုံမဖွင့်မီ မဲရုံမှူးထံမှ မင်တို့ရန်လိုအပ်သည့် မင်အိုး၊ မင်ခွက်တို့ကို ထုတ်ယူ၍ သတ်မှတ်နေရာတွင် ထားရမည်။

(ခ) ဆန္ဒမဲပေးပြီး ပြန်လည်ထွက်ခွာမည့်သူများအား လွှတ်တော်အသီးသီးအတွက် မဲပေးခြင်းပြီးစီးမှု ရှိ-မရှိ စုံစမ်းမေးမြန်းရမည်။

(ဂ) မဲပေးပြီးကြောင်းသိရှိရပါက ထိုသူ၏လက်ဝဲလက်သန်း လက်သည်းခွံပေါ်တွင် မင်တို့ရမည်။ လက်သန်းမရှိပါက လက်ချောင်းတစ်ချောင်းချောင်းပေါ်တွင် မင်တို့ရမည်။

## တရားစွဲဆိုခြင်းမခံထိုက်စေရပါ

တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမခံထိုက်စေရပါ။

## ဂုဏ်ယူထိုက်ပါသည်

မဲရုံများသည် များသောအားဖြင့် အစိုးရစာသင်ကျောင်းများတွင် ဖြစ်သည်။ မဲရုံမှူး၊ ဒုတိယမဲရုံမှူး အများစုမှာ အစိုးရစာသင်ကျောင်းများမှ ဆရာ ဆရာမများ ဖြစ်ကြသည်။ မဲရုံအဖွဲ့ဝင်များသည်လည်း ဝန်ထမ်းများ၊ အများကြည်ညိုလေးစားခံရသူများ ဖြစ်ကြသည်။ ရွေးကောက်ပွဲတိုင်းလိုလို ပါဝင်ဆောင်ရွက်ခဲ့ကြဖူးသည့်အတွက် အတွေ့အကြုံကောင်းစွာ ရရှိထားကြသူများဖြစ်သည်။

ကြိုးစားကြသည်။ နိုးနိုးကြားကြားရှိကြရသည်။ အခွင့်အရေးကိုမမျှော်၊ စေတနာသက်သက်ဖြင့် တိုင်းကျိုးပြည်ပြုဆောင်ရွက်ကြရသည်။ မှန်ကန်ရသည်။ ဥပဒေနှင့်အညီ ဖြစ်ရသည်။ တာဝန်ကကြီးလေးသည်။ လုပ်ငန်းက မွန်မြတ်လှသည်။ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် စေတနာ့ဝန်ထမ်းလုပ်ငန်း တာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းသည် ပြည်သူနှင့် နိုင်ငံတော်အတွက် အရေးကြီးသောလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် တန်ဖိုးမဖြတ်နိုင်၊ ဂုဏ်ယူထိုက်ပါကြောင်း ဖွင့်ဟဆိုလိုက်ပါရစေ။

- **မဲရုံမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းအင်အားဖြင့် ကိုယ်စီတာဝန်ကျေပွန်ကြပါစေ၊**
- **မွန်မြတ်သောစိတ်ကောင်းစေတနာမှန်ဖြင့် တွဲလက်ညီညီ ဆောင်ရွက်နိုင်ကြပါစေ၊**
- **တိုင်းကျိုးပြည်ပြုပါဝင်စွမ်းဆောင်မှုဖြင့် စံယူထိုက်သူများဖြစ်ကြပါစေ။**

## လူကုန်ကူးမှုနှင့်ပတ်သက်၍ စိန်ခေါ်မှုများစွာဖြင့်ရင်ဆိုင်ကြုံတွေ့နေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ပြောကြား

**မုံရွာ စက်တင်ဘာ ၁၃**

လူကုန်ကူးမှုနှင့်ပတ်သက်၍ စိန်ခေါ်မှုများစွာဖြင့်ရင်ဆိုင်ကြုံတွေ့နေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စက်တင်ဘာ ၁၃ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

"အထူးသဖြင့် အရှေ့တောင်အာရှရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ သက်ရောက်မှုအများဆုံး ခံနေရပါတယ်။ ဒါကြောင့် မူရင်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံ၊ ကြားခံနိုင်ငံတွေကြားမှာ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အထူးစီမံကိန်းတွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မူရင်းနိုင်ငံတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတွေ တိုးမြင့်စေတာဟာလည်း အရေးပါတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

၂၀၁၈ ခုနှစ်အတွင်း နယ်မြေရဲတပ်ဖွဲ့ အမှုစစ်အရာရှိများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များကြား ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်ချက် (Cooperation Guideline) စာအုပ်နှင့် လူကုန်ကူးခံရသူ ဗဟိုပြုသည့် စုံစမ်းစစ်ဆေးခြင်းနှင့် လူကုန်ကူးခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်းလုပ်ငန်းစဉ်စာအုပ်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား တက်ရောက်

**ဘားအံ စက်တင်ဘာ ၁၃**

ကရင်ပြည်နယ်သည် လူကုန်ကူးမှုဖြစ်ပွားသည့် အနည်းဆုံးပြည်နယ်ထဲတွင်ပါဝင်ပြီး ယမန်နှစ်က လူကုန်ကူးခံရသူ အမျိုးသမီးနှစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ပြန်လည်ထူထောင်ရေးအနေဖြင့် စပါးကြိတ်စက် (ခြွေလှေ့စက်) နှင့် ဈေးဆိုင်ဖွင့်ပေးထားကြောင်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားမှ သိရသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လူကုန်ကူးမှုသည် ပညာရေးနိမ့်ပါးမှု၊ စီးပွားရေး မညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်ခြင်းကွာခြားမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၊ လူသားတို့၏ သဘာဝအရ ပိုမိုကောင်းမွန်သော ဘဝများရရှိရန် ကြိုးစားကြရာမှ လှုပ်ရှားမှုများ၏ အန္တရာယ်အတွင်းကျရောက်ပြီး လူကုန်ကူးမှုဖြစ်စဉ်များ ဖြစ်ပွားနေသည်ကို တွေ့ရှိရကြောင်း၊ ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသဖြင့် လိမ်လည်ပို့ဆောင်ခံရခြင်းများ ကြုံတွေ့ရနိုင်ကြောင်း၊ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ခြင်းမျိုးမပြုကြဘဲ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ကြဖို့ တိုက်တွန်းလိုကြောင်း၊ လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး ဆောင်ပုဒ်နှင့်အညီ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများသည် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ အမှတ်(၁၀) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မွေးဝင်ရဲတပ်ဖွဲ့တို့မှ ခင်းကျင်းပြသထားသည့် ပညာပေးပြခန်းများနှင့် ပညာပေးယာဉ်တို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်

**မကွေး စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့မိန့်ခွန်းကို ဖတ်ကြားသည်။

၎င်းနောက် "လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး" ခေါင်းစဉ်ဖြင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီး တက်ရောက်လာသူများက အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (မကွေး) ၏ တစ်နှစ်တာဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ဌာနဆိုင်ရာများ၏ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးပြခန်းများနှင့် ကျောင်းသားကျောင်းသူများ၏ ဆုရပန်းချီ၊ ကာတွန်း၊ ပိုစတာများကို ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားအား လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပဲခူးမြို့တော်ခန်းမတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ကကြီးမှူး၍ စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ၂၀၁၈ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုဗီဒီယိုခွေမှတ်တမ်းကို ပြသသည်။

ထို့နောက် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုခွေကို ပြသကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်နှင့် တက်ရောက်လာကြသူများက လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာပေးပြခန်းအား ကြည့်ရှုကြသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်၌ တရုတ်နိုင်ငံဦးတည်သော လူကုန်ကူးမှုပွင့်မှု၊ ပြည်တွင်းလူကုန်ကူးမှုတစ်မှု ပေါင်းခြောက်မှု တရားခံ ၁၄ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံဦးတည်သော လူကုန်ကူးမှုတစ်မှု၊ ထိုင်းနိုင်ငံဦးတည်သော လူကုန်ကူးမှုနှစ်မှု၊ ပြည်တွင်းနှစ်မှု၊ လူသယ်ဆောင်မှုနှစ်မှု ပေါင်းခုနစ်မှု တရားခံ ၂၂ ဦး၊ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံဦးတည်သော လူကုန်ကူးမှုခြောက်မှု၊ ထိုင်းနိုင်ငံဦးတည်သော လူကုန်ကူးမှုသုံးမှု စုစုပေါင်းကိုးမှု၊ တရားခံကျား ၁၃ ဦး၊ မ ၁၆ ဦး ပေါင်း ၂၉ ဦးတို့အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ပြန်လည်စွန့်လွှတ်မြေယာများ ပေးအပ်ပွဲ တက်ရောက်

**ပုသိမ်ကြီး စက်တင်ဘာ ၁၃**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်အတွင်း သိမ်းဆည်းမြေယာများ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေယာများကို မူလတောင်သူများသို့ ပြန်လည်ပေးအပ်ပွဲနှင့် အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးဌာန တည်ဆောက်ရန် သိမ်းဆည်းမြေယာ မူလတောင်သူများထံ မြေယာလျော်ကြေးပေးအပ်ပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ပုသိမ်ကြီးမြို့နယ် မန္တလေး-ရန်ကင်းတောင်လမ်းရှိ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (မန္တလေးရုံးခွဲ) တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မဲကင်းကုန်းကျေးရွာအုပ်စုရှိ အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးဌာန တည်ဆောက်ရန် သိမ်းဆည်းမြေဧရိယာအတွင်းပါရှိသည့် မူလတောင်သူလေးဦး ဦးဝိုင်းအမှတ်(၅) ဧရိယာ ၁၀ ဒသမ ၀၀ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် သိန်း ၁၅၀၀ နှင့် မနော့ယျမကျေးရွာအုပ်စုရှိ သိမ်းဆည်းမြေ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေဧရိယာ ၁ ဒသမ ၂၀၆ ဧက အား မူလတောင်သူတစ်ဦးထံ ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာန တည်ဆောက်ရန်သိမ်းဆည်းမြေဧရိယာ ၁ ဒသမ ၃၅ ဧက အတွက် မူလတောင်သူ ဒေါ်အေးမယ်ကိုယ်စား မြေးကိုအောင်ဇော်ခိုင်အား မြေယာလျော်ကြေးငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးက သိမ်းဆည်းခံမြေ ၀ ဒသမ ၂၀၆ ဧကအတွက် မူလတောင်သူ ဦးမြမောင်အား မြေယာလျော်ကြေးငွေများကိုလည်းကောင်း၊ တီဘီရောဂါအထူးကုဆေးရုံ(မန္တလေး) ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာလွင်က သိမ်းဆည်းခံမြေ ၀ ဒသမ ၂၅ ဧကအတွက် မူလတောင်သူ (ဦးချစ်စိုး) ၏ ဇနီး ဒေါ်ငွေးအား မြေယာလျော်ကြေးငွေများကိုလည်းကောင်း အသီးသီးပေးအပ်သည်။

ထို့နောက် တောင်သူများကိုယ်စား မူလတောင်သူ ဦးကံက ကျေးဇူးတင်စကားပြောကြားသည်။

**မောင်ပြည်သူ(မန္တလေး)**

## မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား မော်လမြိုင်မြို့၌ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၃**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ပြုလုပ်သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ အမှာစကားပြောကြားရာတွင် လူကုန်ကူးမှုသည် လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားရန် မလွယ်ကူသော်လည်း လူသားအချင်းချင်းအပေါ် ကျူးလွန်သည့် ခေတ်သစ်ကျေးကျွန်ပြုမှုကဲ့သို့သော လူမဆန်သည့် လူကုန်ကူးမှုများ မပေါ်ပေါက်စေရန် အစိုးရတွင်သာမက ပြည်သူတစ်ရပ်လုံး၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်ဖြင့် အားလုံးက တက်ညီလက်ညီစုပေါင်းကာကွယ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်က ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး World Vision (Myanmar) မှ Project Manager ဦးမင်းအောင်မြင့်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်မှုဗီဒီယိုမှတ်တမ်းကို ပြသခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခနိုင်(မြန်/ဆက်)**

# မဲစာရင်းမှာ အချက်အလက်တွေ မှားယွင်းနေမယ်ဆိုရင် မဲစာရင်းနဲ့စပ်လျဉ်းတဲ့ ပြင်ဆင်လွှာ ပုံစံ ၄ (ဂ)နဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲကို တင်သွင်းပြီး တောင်းဆိုနိုင်ပါတယ်

ဦးခွန်မြတ်ဆန်းထွန်း

## မှန်ကန်ပြည့်စုံသည့် မဲစာရင်းဖြစ်ပေါ်လာစေရန် မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်းသည့် စကားဝိုင်းကျင်းပ

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည် ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်ပြည့်စုံသည့် မဲစာရင်းဖြစ်ပေါ်လာစေရန် မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်မြတ်ဆန်းထွန်း၊ ဦးစီးအရာရှိ ဒေါ်ခိုင်သန္တာမျိုးနှင့် ဒေါ်ဝင်းသော်သော်လှိုင်တို့က ပါဝင်ဆွေးနွေးကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။** (အောက်ပုံ)

**အဆိုပါစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

ရှင်မင်း

**ဦးမြင့်နိုင်။** ။ ဒီကနေ့ ဆွေးနွေးပွဲမှာ မဲစာရင်းပြုစုခြင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးကြမယ်။ မဲစာရင်းတွေလည်း မကြာခင် ကြေညာတော့မယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့က ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမယ့်နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပမယ်၊ လစ်လပ်နေတဲ့ မဲဆန္ဒနယ် ၁၃ နယ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ လစ်လပ်နေတဲ့ မဲဆန္ဒနယ် ၁၃ နယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်တဲ့ နေ့ရက်တွေ၊ အမည်စာရင်းတင်သွင်းလာရင် စိစစ်မယ့်နေ့ရက်တွေ၊ အမည်တင်သွင်းတာကို ပြန်လည်ရုပ်သိမ်းနိုင်မယ့် နေ့ရက်တွေ ဒါတွေနဲ့ ပတ်သက်လို့လည်း ကြေညာခဲ့ပြီးပြီ။ ကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆန္ဒနယ် ပြင်ပရောက်နေတဲ့ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိတဲ့သူတွေ ပုံစံ ၁၅ တွေ တောင်းယူပြီး ဘယ်လိုဖြည့်သွင်းရမယ်၊ ဘယ်ရက်မှာ ပြန်ပို့ရမယ်ဆိုတာကိုလည်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ပြီးတော့ ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမယ့်အဖွဲ့တွေလည်းပဲ အသိအမှတ်ပြုလွှာတွေ စတင်လျှောက်ထားနိုင်တဲ့အကြောင်းကို ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး လုပ်ဆောင်ရမယ့် လုပ်ဆောင်ချက်တွေကို အချိန်ဇယားနဲ့ သေသေချာချာချမှတ်ပြီး ဆောင်ရွက်နေတယ်။ အခုဆိုရင် မဲစာရင်း ကြေညာတော့မယ်။ ဒီမဲစာရင်းကို ကြေညာနိုင်အောင် အခြေခံမဲစာရင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဘယ်လိုပြုစုကြသလဲ။ ဘယ်လိုဆောင်ရွက်ထားရှိကြသလဲ။ ဒါလေးတွေကို ဒီနေ့ ဆွေးနွေးမျှဝေကြမယ်။

### မဲစာရင်းကို အခြေခံ

**ဦးခွန်မြတ်ဆန်းထွန်း။** ။ ဟုတ်ကဲ့ပါ။ မဲစာရင်းတွေကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့နဲ့ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့တွေက ပြုစုပါတယ်။ ဒီလိုပြုစုရာမှာ လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ နဲ့ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွေမှာရှိတဲ့ လူဦးရေစာရင်းတွေကို ရယူပြီးတော့ ပြုစုမှာဖြစ်ပါတယ်။ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအရ ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်တဲ့အခါ မူလမဲစာရင်းကို အခြေခံပြီးတော့ ပြုစုရမှာဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့သူတွေကို မဲစာရင်းမှာ ထည့်သွင်းတာ၊ ပြောင်းရွှေ့သွားတဲ့ အိမ်ထောင်စုစာရင်းဝင်တွေကို မဲစာရင်းကနေ ပယ်ဖျက်တာ၊ ပြောင်းဝင်လာတဲ့ အိမ်ထောင်စုစာရင်းဝင်တွေကို မဲစာရင်းမှာ ထည့်သွင်းတာ၊

> **“ဆန္ဒမဲပေးပိုင်ခွင့် ရှိတဲ့သူတွေကတော့ ရွေးကောက်ပွဲ စတင်ကျင်းပတဲ့နေ့မှာ အသက် ၁၈ နှစ် ပြည့်ပြီးတဲ့သူတွေ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ မဆန့်ကျင်တဲ့ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရတဲ့သူတွေက မဲပေးပိုင်ခွင့်ရှိသူတွေဖြစ်ပါတယ်”**

ကွယ်လွန်သွားတဲ့သူတွေကို မဲစာရင်းကနေ နုတ်ပယ်တာတွေကို ပြုလုပ်ပြီးတော့ မဲစာရင်းကို ပြုစုသွားရမှာဖြစ်ပါတယ်။

### တပ်မတော်သားတွေနဲ့ အတူနေမိသားစုဝင်တွေ

